# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင် နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၀၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ယနေ့သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ထုတ်ပြန်ခဲ့သည့် (၇၃) နှစ် မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခါသမယ ဖြစ်ပါသည်။ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ပြုလုပ်ကျင်းပလေ့ရှိသည့် အားလျော်စွာ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ဤအထိမ်းအမှတ်အခါသမယကို ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ လွတ်လပ်ရေးရပြီးများမကြာမီ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ပြုလုပ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံမဲပေးခဲ့ပါသည်။

မဲခွဲဆုံးဖြတ်မှုရလဒ်အရ ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့ပြီး အဆိုပါ ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

### မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် ဒီဇင်ဘာ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့ တပ်မတော်ဧည့်ဂေဟာရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❑

မြန်မာ့အလင်း

## သတင်းတု၊ သတင်းမှားများကို ဆန့်ကျင် အကြမ်းဖက်လုပ်ရပ် ဖော်ထုတ်ရာတွင် ပါဝင်

ဆိုရှယ်မီဒီယာများပေါ်မှတစ်ဆင့် သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်သည့်လုပ်ငန်းကို ပြည်တွင်း ပြည်ပ ချိတ်ဆက်၍ ဟန်ချက်ညီညီ ပြုလုပ်လျက်ရှိကြသည်။ မြန်မာနိုင်ငံပြိုကွဲပျက်စီးရေးအတွက် ငွေအား၊ နည်းပညာအားများဖြင့် အင်တိုက်အားတိုက်ဖြို့ခွဲ ဖျက်ဆီးမှုပြုလုပ်နေကြခြင်းဖြစ်သည်။ နိုင်ငံအတွင်း စစ်မီးများ တောက်လောင်ရေး၊ နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးရေး၊ ပြည်သူနှင့်တပ်မတော်အကြား အမုန်းပွားရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ရန်မီးပွားရေး၊ ဘာသာရေးနှင့်ယဉ်ကျေးမှုတို့ ပျက်စီးရေးတို့အတွက် နည်းမျိုးစုံဖြင့် လုပ်ကြံဖန်တီးနေကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုးတစိမျှ မကူညီလျှင်သာရှိမည် မြန်မာနိုင်ငံပျက်စီးရေးအတွက် ၎င်းတို့ကိုယ်စားဆောင်ရွက်မည့် အကြမ်းဖက်သမားတို့ကိုမူ ပံ့အောလျက် ပံ့ပိုးနေကြကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူမှုကွန်ရက်သုံးစွဲသူ ၂၂ သန်းခန့်ရှိပြီး အများစုက ဖေ့စ်ဘုတ်ကို သုံးစွဲနေကြခြင်းဖြစ်သည်။ မြန်မာအပါအဝင် နိုင်ငံအချို့တွင် နိုင်ငံရေးသမားများက ဖေ့စ်ဘုတ်ကို အသုံးပြု၍ အမုန်းတရားများလှုံ့ဆော်ခြင်း၊ သတင်းတု၊ သတင်းမှားများထုတ်လွှင့်ခြင်းတို့ကြောင့် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများရှိနေကြောင်းကို ကုလသမဂ္ဂနှင့်အခြားအဖွဲ့အစည်းများ သိရှိထားကြပြီး ဖြစ်သည်။ လက်ရှိအခြေအနေတွင်မူ နိုင်ငံရေးသမားများသာမက အကြမ်းဖက်အုပ်စုများ၊ အစွန်းရောက်စိတ်အခံရှိသူများကပါ ဖေ့စ်ဘုတ်ကိုသုံးစွဲနေကြပြီး ၎င်းတို့၏ ရည်ရွယ်ချက်အမျိုးမျိုးတို့အတွက် လူမှုကွန်ရက်စာမျက်နှာထက်တွင် သတင်းတု၊ သတင်းမှားများကို အဆက်မပြတ်ဖော်ပြလျက်ရှိသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဖေ့စ်ဘုတ်တွင် လွှမ်းမိုးနေခဲ့သည့် သတင်းနှစ်ပုဒ်မှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တွင် တရားမဝင် ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်း ဆောင်ရွက်ခဲ့မှုအပေါ် ဖြန့်လွှင့်ခဲ့သည့် မဟုတ်မမှန်သတင်းနှင့် ဆားလင်းကြီးမြို့နယ် ဒုံးတောကျေးရွာတွင် လူများ အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံထားရသည်ဆိုသည့် ရုပ်သံဖိုင်ကို ထုတ်လွှင့်ပြီး တပ်မတော်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖြန့်ချိခဲ့သည့် သတင်းမှားတို့ဖြစ်သည်။ အဆိုပါသတင်းအမှားနှစ်ပုဒ်မှာ ပြည်ပမီဒီယာများသို့ ချက်ချင်းပျံ့နှံ့သွားခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ပြည်တွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်၊ မုန်းတီးစေရန်ဖြစ်ပြီး ပြည်ပတွင်မူ တပ်မတော်၏ ပုံရိပ်ကျဆင်းစေရန်အတွက် မဟုတ်မမှန် လုပ်ကြံကြခြင်းဖြစ်သည်။

ပြည်တွင်း ပြည်ပ ပြည်ဖျက်မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပသံရုံးအချို့အနေဖြင့် အကြမ်းဖက်သမားတို့၏ အပြစ်မဲ့ပြည်သူများအပေါ် အစုံလိုက် အပြုံလိုက် လုပ်ကြံသတ်ဖြတ်မှုများ၊ လူမဆန်စွာ၊ ရက်စက်စွာ ပြုမူမှုများ ပေါ်ထွက်နေခြင်းကိုမူ မသိကျိုးကျွံပြုနေကြပြီး ဖုံးဖိကာကွယ် အားပေးနေကြသလို တစ်ဖက်တွင်လည်း နိုင်ငံမတည်မငြိမ် ဖြစ်စေရေးအတွက် စဉ်ဆက်မပြတ် လှုံ့ဆော်ဖန်တီးလျက်ရှိကြသည်။ လုပ်ကြံဖန်တီးထားသည့် သတင်းတု၊ သတင်းမှားများမှာ လူမှုကွန်ရက်ပေါ်တွင် အမြောက်အမြား နေရာယူထားကြပြီး ထပ်ဆင့်ဖြန့်ဝေမှုများကလည်း အများအပြား ရှိနေသည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို လိုလားသူများအနေဖြင့် လူမှုကွန်ရက်ပေါ်မှ မဟုတ်မမှန် ဝါဒဖြန့်ချိမှုများကို ဆန့်ကျင်ကြရန်နှင့် အမှန်တရားပေါ်ပေါက်ရေး၊ အကြမ်းဖက်သမားများအား ဖော်ထုတ်ရေး၊ အကြမ်းဖက်လုပ်ရပ်များ ကာကွယ်တားဆီးရေးတို့တွင် ပူးပေါင်းပါဝင်ခြင်းဖြင့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်တို့ကို ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၉**



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၉/၂၀၂၁) ကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံသားပိုင်ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ်အဖြစ် ချေးငွေထုတ်ယူရန် ခွင့်ပြုခဲ့သည့် အခြေအနေ၊ ဒုတိယအသုတ် ချေးငွေ ထုတ်ပေးနိုင်ရေး စိစစ်ထားရှိမှု အခြေအနေများ၊ နောက်ထပ်ချေးငွေထုတ်ပေးရန် ပြင်ဆင်လျက်ရှိသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍအတွက် ချေးငွေလျှောက်လွှာ စိစစ်ထားမှုနှင့် ဆက်လက် ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေး သက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုစားရေးလုပ်ငန်းကော်မတီသို့ တင်ပြလာသည့် အချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁" ကို မြန်မာ့ရုပ်မြင်သံကြား MRTV HD နှင့် NRC Channel တို့တွင် ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တတိယအကြိမ် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ-၂၀၂၁"ကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ပွဲတော်ကာလသတ်မှတ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD နှင့် NRC Channel တို့တွင် ထုတ်လွှင့်ပြသမည် ဖြစ်သည်။ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ-၂၀၂၁" ဖွင့်ပွဲအခမ်းအနားကို Virtual Celebration ဖြင့် ဒီဇင်ဘာ ၁၁ ရက် ညနေ ၄ နာရီခွဲမှ စတင်ထုတ်လွှင့်သွားမည် ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ညစဉ်ည ၉ နာရီမှ စတင်ကာ တိုင်းရင်းသားများ၏ တေးသီချင်းများ၊ ရိုးရာအကများနှင့် ဖျော်ဖြေတင်ဆက်မှုများအပြင် ပွဲတော်ပိတ်ပွဲအခမ်းအနားကိုလည်း ထုတ်လွှင့်ပေးမည်ဖြစ်သည်။




ထို့အတူ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများနှင့် ဝတ်စားဆင်ယင်မှု၊ ဒေသထွက်ကုန်/ထုတ်ကုန်များနှင့် စီးပွားရေးဆိုင်ရာများ၊ စိတ်ဝင်စားဖွယ်နေရာများနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကိုလည်း သွေးချင်းတို့ရဲ့ပွဲတော်ဆီ Website ဖြစ်သည့် www.mecfevent.com တွင် ဒီဇင်ဘာ ၁၁ ရက်မှ စတင်ပြီး ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများကို ကိုဗစ်စင်တာများ၌ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအချိန်ထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား လေးဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် “ပညာပြည့်ဝ၊ နှလုံးလှသော” နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

❂ ရှေ့ဖုံးမှ

- **ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို အပြည့်အဝခံစားရရှိပြီး ၎င်းတို့၏ လူမှုဘဝမြင့်မားလာစေရေးနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးမှာ အဓိကကျ**
- **သို့ပါ၍ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များကို အလေးထားအကောင်အထည်ဖော်လျက်ရှိပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို သာတူညီမျှ ရရှိခံစားနိုင်ရေးအတွက် မျှော်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိ**

လူ့အခွင့်အရေးသည် လူသားအားလုံးရပိုင်ခွင့်ရှိသည့် ပယ်ဖျက်၍မရသော မွေးရာပါအခွင့်အရေးဖြစ်သော်လည်း မိမိတို့၏ အခွင့်အရေးများကို ရရှိခံစားရာတွင် သူတစ်ပါး၏အခွင့်အရေးများကို လေးစားတန်ဖိုးထားပြီး ထိခိုက်နစ်နာဆုံးရှုံးမှု မရှိရလေအောင် ကျင့်သုံးခြင်းမှာလည်း လူ့အခွင့်အရေး၏ အရေးပါသော အနှစ်သာရတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights – ICESCR)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child– CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women – CEDAW)နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး ၎င်းစာချုပ်များနှင့် ဆက်စပ်သည့် နောက်ဆက်တွဲ သဘောတူစာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ပြဋ္ဌာန်းထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရေးအတွက် ပြည်တွင်းဥပဒေများကိုလည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါသည်။

(၇၃)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ “Equality – Reducing inequalities, advancing human rights” ဖြစ်ပြီး မြန်မာမှုပြုပါက “တန်းတူညီမျှဖို့ မညီမျှတာလျှော့ချကာ လူ့အခွင့်အရေးကိုမြှင့်တင်ကြ” ဖြစ်ပါသည်။ “လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်” ဟူသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁)ပါ ဖော်ပြချက်နှင့်လည်း ဆက်နွှယ်လျက်ရှိပါသည်။ တန်းတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေးတို့သည် လူ့အခွင့်အရေး၏ အခြေခံ အကျဆုံးသောအနှစ်သာရများလည်း ဖြစ်သည့်အတွက် ကမ္ဘာအသီးသီးတွင် မညီမျှမှုများနှင့် ခွဲခြားဆက်ဆံမှုများမရှိစေရေး ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူပြည်သားများ၏ လူ့အခွင့်အရေးများ တန်းတူခံစားရရှိနိုင်ရေးနှင့် မညီမျှမှုများ လျော့ကျစေရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အပါအဝင် အခြားသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ချိတ်ဆက်ပူးပေါင်း၍ အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။

အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း လက်ရှိကာလသည် လူသားများ၏ အခြေခံအကျဆုံး အခွင့်အရေးတစ်ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်ကို အဓိကခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံးက ရင်ဆိုင်ကြုံတွေ့နေကြရသည့်ကာလဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်သူများ ကပ်ရောဂါဘေးမှ ကင်းလွတ်စေရေးအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ချိတ်ဆက်ထိတွေ့၍ ရောဂါကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မည်သူကိုမျှ ခွဲခြားချန်လှပ်ခြင်းမရှိဘဲ ပြည်သူအားလုံး တန်းတူညီမျှကာကွယ်ဆေးထိုးနှံခွင့်ရရှိရေးအတွက် အဓိကဦးစားပေး အစီအစဉ်တစ်ရပ်အနေဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးလုပ်ငန်းများအား အမြန်ဆုံးကုစားနိုင်ရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်လည်း ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို အပြည့်အဝခံစားရရှိပြီး ၎င်းတို့၏ လူမှုဘဝမြင့်မားလာစေရေးနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးမှာ အဓိကကျပါသည်။

သို့ပါ၍ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များကို အလေးထားအကောင်အထည်ဖော်လျက်ရှိပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို သာတူညီမျှ ရရှိခံစားနိုင်ရေးအတွက် မျှော်မှန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ဟန်ချက်ညီညီ မြင့်မားလာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် တန်းတူညီမျှမှုရှိရေး အားလုံးပါဝင်နိုင်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး စသည့်လူ့အခွင့်အရေး အခြေပြုနည်းလမ်းများကို လေးစားလိုက်နာ ကျင့်သုံးဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာပေးပို့ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ဘေ့အရာရှိများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ အရည်အသွေးထက်မြက်ကောင်းမွန်သည့် အနာဂတ်ခေါင်းဆောင်ကောင်းများကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၉**

စစ်ဘက်ဆိုင်ရာခေါင်းဆောင်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်များတွင် အရည်အချင်းများနှင့် ကိုက်ညီပြည့်စုံမှုရှိသောကြောင့် နည်းပြတာဝန်များကို ရရှိထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့တတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများနှင့် ပေါင်းစပ်ချိန်ထိုး၍ စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန်၊ သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့်၊ ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ဘေ့အရာရှိများအား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ဘေ့အရာရှိများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်တို့က ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိ နှစ်ပေါင်း ၂၀ အတွင်း စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ အရာရှိများလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြားပေးနိုင်ခဲ့မှုနှင့် လက်ရှိ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### လေ့ကျင့်သင်ကြားပေးရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့၏ လေ့ကျင့်ရေးပိုင်းနှင့် သင်ကြားရေးပိုင်းဆိုင်ရာများတွင် မှာကြားလိုသည်များ မှာကြားနိုင်ရေးအတွက် ယခုကဲ့သို့တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများ၊ ကျောင်းဆင်းအရာရှိများအနေဖြင့် မိမိတို့၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်ဖြစ်မြောက်လာစေရေးအတွက် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သကဲ့သို့ ပေးအပ်လာသည့်တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့်လည်း အရည်အချင်းပြည့်ဝပြီး အရည်အသွေးထက်မြက်ကောင်းမွန်သည့်အရာရှိများ ထွက်ပေါ်လာအောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

ရည်မှန်းချက်များကို ခိုင်မာစွာထားရှိရမည်ဖြစ်ပြီး တစ်ဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်ရမည့်အချိန်တွင် လုပ်ဆောင်နိုင်မည့်အရာများ၊ လုပ်ဆောင်သင့်သည်များကို မှတ်စုရေးမှတ်ထားရှိတတ်သည့် အလေ့အကျင့်ကောင်းမွေးမြူရန်နှင့် အမှန်တကယ် တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် မိမိမှတ်သားထားသည်များနှင့် ချိန်ထိုးသုံးသပ်လုပ်ဆောင်ပါက အခက်အခဲမရှိ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိ အရာရှိများ မွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြားပေးနိုင်ခဲ့မှုနှင့် လက်ရှိတာဝန်ထမ်းဆောင်နေမှုအခြေအနေများကို ပြန်လည်စိစစ်ခဲ့ရာ၌ အချို့သော အရာရှိများအနေဖြင့် မိမိကိုယ်ကို ထိန်းသိမ်းမှုမရှိဘဲ စည်းကမ်းဖောက်ဖျက်မှု၊ အဆင့်နှင့် လျော်ညီသော စားသောက်နေထိုင်မှုပုံစံမရှိမှု၊ ကျန်းမာရေးချို့ယွင်းမှု စသည်တို့ကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မှု မပြုနိုင်သည်ကို တွေ့ရှိရကြောင်း၊ ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက စိတ်ဓာတ်ခိုင်မာမှုအားနည်းချက်များကို တွေ့မြင်ရပြီး စိတ်ဓာတ်ခိုင်မာမှုမရှိခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှုမရှိခြင်းတို့ကြောင့် ဆက်လက်တာဝန်ထမ်းဆောင်မှု မပြုနိုင်ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာထိခိုက်နစ်နာမှုများရှိကြောင်း၊ အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး ပြည်သူကအားကိုးပြီး နိုင်ငံတော်ကအားထားရသည့် ခေါင်းဆောင်များ ထွက်ပေါ်လာစေရေးအတွက် သင်တန်းစတင်တက်ရောက်ချိန်မှစ၍ အဆင့်လိုက် တက်ရောက်ရသည့် သင်တန်းများကို အဆင့်ဆင့်သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့်တပ်မတော်က အချိန်နှင့်ငွေကြေး အရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်များအနေဖြင့် စိတ်ဓာတ်ခိုင်မာမှုရှိရမည်ဖြစ်ပြီး မိမိရည်မှန်းချက်အောင်မြင်ရန်အတွက် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် စည်းကမ်းရှိစွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ရန်လည်းလိုကြောင်း။

### ကောင်းမွန်စွာ ဖြတ်သန်းနိုင်

ထိုသို့ စိတ်ဓာတ်ခိုင်မာပြီး မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်ရန်အတွက် သင်တန်းကျောင်းများတွင်ကတည်းက နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ သင်ခန်းစာများ ပိုင်နိုင်ပြီး ရှိသင့်ရှိထိုက်သည့်၊ သိသင့်သိထိုက်သည့် အသိပညာ၊ အတတ်ပညာနှင့် ထိုးထွင်းမြော်မြင်နိုင်မှုရှိအောင် သင်ကြားပေးလိုက်မှသာလျှင် လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှု ကောင်းမွန်စွာပေးနိုင်မည်ဖြစ်ပြီး ဘဝတစ်လျှောက်လုံးတွင်လည်း ထိန်းသိမ်း၍ ကောင်းမွန်စွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နည်းပြများအနေဖြင့် လေ့ကျင့်ရေးနှင့် ပတ်သက်ပါက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမလိုက်ရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ အရည်အချင်းများနှင့် ပြည့်စုံသဖြင့် နည်းပြများဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့် အတွေ့အကြုံများနှင့် ချိန်ထိုး၍ စနစ်တကျ သင်ကြားပေးစေလိုပြီး အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

### ဘက်ပေါင်းစုံမှ ကြိုးပမ်း

သင်တန်းသားများ၏ အရည်အသွေးမြှင့်တင်နိုင်ရေး အမြဲမပြတ် လေ့လာဖော်ထုတ်နေရမည်ဖြစ်ပြီး သင်တန်းဆင်းလာပါက ၎င်းတို့၏ အရည်အချင်းနှင့် ကိုက်ညီသည့် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အရေးအတွက်ထက် အရည်အချင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိကောင်းများကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်စွမ်းရည်ထက်မြက်ရေး၊ စွမ်းပကားမြင့်မားရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပြီး အရာရှိ၊ စစ်သည်များ၏ ပညာရည်မြင့်မားရေး၊ မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့မှုရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊ နိုင်ငံတကာတပ်မတော်များနည်းတူ အမျိုးသမီး အရာရှိ စစ်သည်များကိုလည်း ပြန်လည်လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး အမျိုးသားများ နည်းတူတာဝန်ကျရာနေရာအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း။

တက္ကသိုလ်၊ သင်တန်းကျောင်းအသီးသီးမှ နည်းပြများအနေဖြင့် မိမိတို့ လေ့ကျင့်သင်ကြားပေးသည့် ခေါင်းဆောင်ငယ်များအား တစ်ဦးချင်း၏ အခြေခံစိတ်ဓာတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ စစ်မြေပြင် ကျွမ်းကျင်မှုနှင့် ဘာသာရပ်အလိုက် တတ်မြောက်မှုစသည်ဖြင့် လေ့ကျင့်သားပြည့်ဝမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးရန်၊ သင်တန်းဆင်းပြီးပါက ဘဝတစ်လျှောက်လုံးတွင် မိမိတို့ ရာထူး၊ အဆင့်နှင့် လျော်ညီစွာနေထိုင်ပြုမူ ဆောင်ရွက်နိုင်စေရန်၊ အနာဂတ် နိုင်ငံတော်နှင့်တပ်မတော်အတွက် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန် လေ့ကျင့်သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## အပန်းဖြေစခန်းအတွင်း ရေတံခွန်သုံးခုရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထားကာ မှန်တံတားအောက်ခြေရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာခံစားနိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည့် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### စက်ခလုတ်နှိပ် ဖွင့်လှစ်

ဦးစွာ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းအခမ်းအနားကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ညီစော၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

### ဂုဏ်ပြုဆုငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြဝတီတေးဂီတအဖွဲ့က တေးသံသာများဖြင့် ကပြဖျော်ဖြေပြီး ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ဖြစ်ပေါ်လာပုံနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှုများကို ရိုက်ကူးတင်ဆက်ထားသည့် Documentary ကို ပြသသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဖျော်ဖြေရေးအဖွဲ့ဝင်များနှင့် ရိုက်ကူးရေးအဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ဒုတိယဗိုလ်ချုပ်ကြီး ညီစော၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်း လှည့်လည်၍ နိုင်ငံတကာအဆင့်မီ LED မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုပြီး ရှေးခေတ်က ပြင်ဦးလွင်ဒေသတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်များ၊ ကြိုးတံတားနှင့် သစ်လုံးအိမ်တို့ ထည့်သွင်းတည်ဆောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ဆင်ကလေးများကို အစာကျွေးသည်။ ထို့နောက် ရေတံခွန်လာရောက်လည်ပတ်သူများ လှည့်လည်ကြည့်ရှုနိုင်ရန် ဖောက်လုပ်ထားသည့် တောတွင်းလျှောက်လမ်းအတိုင်း လှည့်လည်ကြည့်ရှုကြသည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

### လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်း အမိုးပါ ကလေးအားကစားကွင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ မျက်လှည့်ပြသမှုပြကွက်များကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ဒေသထွက်ပစ္စည်း အရောင်းဆိုင်များ၊ Smart P ရုပ်အင်္ကျီအရောင်းဆိုင်၊ နေရောင်ခြည် စွမ်းအင်သုံး စိုက်ပျိုးရေးရေသုံး ဆိုလာနည်းစနစ်နှင့် စိုက်ခင်းများအား ဆိုလာနည်းစနစ်ဖြင့် ရေဖျန်းနေမှုများအား လှည့်လည်ကြည့်ရှုအားပေးသည်။

### အပန်းဖြေစခန်းတစ်ခုပေါ်ပေါက်

အဆိုပါ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသည် ပွဲကောက်ကျေးရွာအနီး မန္တလေး-လားရှိုး မီးရထားလမ်းနှင့် ကားလမ်းတို့အကြားတွင် တည်ရှိပြီး ၁၉၄၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့အား သောင်းကျန်းသူများသိမ်းပိုက်ထားချိန်၌ ယခုပွဲကောက်ရေတံခွန် တည်ရှိရာနေရာတွင် လေ့ကျင့်ရေး အင်ဂျင်နီယာတပ်ရင်းမှ တပ်စွဲ၍ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့သည့်အတွက် နောင်လာနောက်သားများ အမှတ်တရရှိစေရေး အပန်းဖြေစခန်းတစ်ခုတည်ဆောက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း။

### ပြုပြင်ထိန်းသိမ်းဆောင်ရွက်

ပွဲကောက်ရေတံခွန်သည် ယခင်က စနစ်ကျသည့် အကွက်ချမှုမရှိခြင်း၊ ဈေးဆိုင်ခန်းများ များပြားလာခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအရ ယခုကဲ့သို့ အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေတံခွန်အတွင်း ရေသန့်စင်စေရေး သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထားသဖြင့် ရေကစားလိုသူများအနေဖြင့်လည်း သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ ရေကစားမှုပြုနိုင်မည်ဖြစ်ကြောင်း၊ အပန်းဖြေစခန်းအတွင်း ရေတံခွန်သုံးခုရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထားကာ မှန်တံတားအောက်ခြေရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာခံစားနိုင်မည်ဖြစ်ကြောင်း၊ ပန်းမြို့တော်၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ ပန်းမျိုးစုံကို စိုက်ပျိုးထားရှိပြီး နှစ်စဉ်ပန်းပွဲတော်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လာရောက်လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားပြီး မှန်တံတား၊ ကြိုးတံတားများအပြင် log house၊ coffee shop၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများ စသည်တို့ကို ပြည့်စုံအောင်ထည့်သွင်းအဆင့်မြှင့်တင်ထားရှိသည့်အပြင် လုံခြုံရေးနှင့် ကူညီကယ်ဆယ်ရေးအတွက်လည်း အသေးစိတ် ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

> “ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသည် ပွဲကောက်ကျေးရွာအနီး မန္တလေး-လားရှိုး မီးရထားလမ်းနှင့် ကားလမ်းတို့အကြားတွင် တည်ရှိပြီး ၁၉၄၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့အား သောင်းကျန်းသူများ သိမ်းပိုက်ထားချိန်၌ ယခုပွဲကောက်ရေတံခွန် တည်ရှိရာနေရာတွင် လေ့ကျင့်ရေး အင်ဂျင်နီယာတပ်ရင်းမှ တပ်စွဲ၍ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့သည့်အတွက် နောင်လာနောက်သားများ အမှတ်တရရှိစေရေး အပန်းဖြေစခန်းတစ်ခုတည်ဆောက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်”

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Video Message ပေးပို့၍ မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၉

**၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားသည်။**







ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး Video Conferencing ဖြင့် ပြောကြားစဉ်။

### တက်ရောက်

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်း Video Message ကို ဖွင့်လှစ်ပြသသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၈ တွင် သီးခြားဖော်ပြထားပါသည်။)**

### ကျင့်ဝတ်သိက္ခာစောင့်ထိန်း

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေး မဏ္ဍိုင်ဖြောင့်မတ် မှန်ကန်ရေးအတွက် အဂတိကင်းစင်သည့်၊ ဘက်လိုက်မှုကင်းသည့်၊ ဖြောင့်မတ်တည်ကြည်သည့်၊ သမာသမတ်ကျသည့် တရားစီရင်ရေးကို ဖော်ဆောင်ခြင်း၊ တရားရုံးဝန်ဆောင်မှုများ၊ တရားမျှတမှု လက်လှမ်းမီနိုင်မှုများ၊ တာဝန်ခံယူနိုင်မှုများ မြင့်မားအောင် ဆောင်ရွက်ခြင်းတို့ဖြင့် တရားစီရင်ရေးအပေါ် ယုံကြည်ကိုးစားလာမှု တိုးတက်မြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့်တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တရားသူကြီးများအနေဖြင့် မိမိတို့၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းပြီး အဂတိတရားကင်းစင်စွာဖြင့် တရားစီရင်ရေး တာဝန်များကို ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်သူများဖြစ်သည့် တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ အမှုသည်များအပါအဝင် သတင်းမီဒီယာများနှင့် ပြည်သူများကလည်း မိမိတို့၏ ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းလိုက်နာပြီး အဂတိတရားကင်းစင်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျှတသည့် တရားစီရင်ရေးနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးတို့ကို အတူဖော်ဆောင်ကြစေလိုကြောင်း Video Conferencing ဖြင့် ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ မျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြင်ဦးလွင်ဒေသအတွင်း ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကော်ဖီစိုက်တောင်သူများ လုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ရေး၊ စိုက်ခင်းများအတွင်း ရေရရှိရေးတို့အတွက် ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေနှင့် ဆက်လက်ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောဧရိယာများ၌ ကော်ဖီစိုက်ပျိုးမှုများနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီး စိုက်ပျိုးမြေများ ဖော်ထုတ်ပေးလျက်ရှိမှုနှင့် စိုက်ပျိုးမြေများအား စနစ်တကျရှိစေရေး ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် မြေလွတ်မြေရိုင်းဧရိယာအတွင်း ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ ကွင်းဆင်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဦးက လည်းကောင်း၊ ပြင်ဦးလွင်ခရိုင် ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မှု၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြင်ဦးလွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက လည်းကောင်း၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ခရီးသွားများ စိတ်ဝင်စားသည့်မြို့**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့သည် ပြည်တွင်းခရီးသွားများနှင့် ကမ္ဘာလှည့် ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ခရီးသွားမြို့တစ်မြို့ဖြစ်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၅၃၈ ပေတွင်ရှိပြီး မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်၊ ခရစ်နှစ် ၁၈၅၀ ပြည့်နှစ်၊ ပုဂံမင်းလက်ထက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ကျောက်စာများအရ သိရှိရကြောင်း၊ ပြင်ဦးလွင်မြို့သည် ရာသီဥတု သာယာကောင်းမွန်ပြီး ရေမြေသဘာဝကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူချိန်ကာလအတွင်း ပြင်ဦးလွင်မြို့အား မူလတောင်ပေါ်အပန်းဖြေမြို့အဖြစ် ပြန်လည်ရောက်ရှိရေး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနေထိုင်သည့် ထူးခြားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာက ပြင်ဦးလွင်မြို့နှင့် ပတ်သက်၍ စိတ်ဝင်စားမှုများ ရှိကြကြောင်း၊ ထိုအခွင့်အရေးအား အသုံးချနိုင်ပါက ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ပြင်ဦးလွင်မြို့အား နိုင်ငံတကာ အဆင့်မီသာယာလှပစေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**ကြပ်မတ်ဆောင်ရွက်ရန်လို**

ပြင်ဦးလွင်မြို့အား Clean City ၊ Green City ဖြစ်အောင် ဦးစွာတည်ဆောက်၍ သာယာလှပသည့် မြို့ကြီးတစ်မြို့ဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အတွင်း ဖြတ်သန်းစီးဆင်းသွားသည့် ကန်တော်ကြီး၊ ကန်တော်လေးမှ စီးလာသည့်ချောင်းနှင့် ဂဲလောင်ချောင်းရေ စီးဆင်းမှုကောင်းမွန်စေရန်အတွက် အမှိုက်များပိတ်ဆို့မှု မရှိစေရေး အမြဲမပြတ်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သန့်ရှင်းသပ်ရပ်လှပအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် မြို့သာယာလှပရေးအတွက် စည်းကမ်းတကျ ဆောင်ရွက်ရန်လိုကြောင်း၊ လူနေအိမ်များနှင့် အဆောက်အဦများ ဆောက်လုပ်မှုနှင့်ပတ်သက်၍လည်း စည်းကမ်းဥပဒေများအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

> ❑ **မိမိတို့တာဝန်ယူချိန်ကာလအတွင်း ပြင်ဦးလွင်မြို့အား မူလတောင်ပေါ် အပန်းဖြေမြို့အဖြစ် ပြန်လည်ရောက်ရှိရေး ကြိုးပမ်းတည်ဆောက် လျက်ရှိ၊ ထို့ကြောင့် နိုင်ငံတကာက ပြင်ဦးလွင်မြို့နှင့်ပတ်သက်၍ စိတ်ဝင်စားမှုများရှိကြကြောင်း၊ ထိုအခွင့်အရေးအား အသုံးချနိုင်ပါက ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီသာယာလှပစေရေး အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ**

**ဈေးကွက်ရရှိရေး ဆောင်ရွက်**

ကော်ဖီစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးမြေများအား စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာပြီး သတ်မှတ်နှစ်များအတွင်း စိုက်ပျိုးပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေများ သတ်မှတ်၍ ကော်ဖီစိုက်ပျိုးရေးဇုန်အဖြစ် နိုင်ငံတော်မှ သတ်မှတ်ပေးထားကြောင်း၊ ယခင်ကသစ်သီးပန်းမန်များ စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြသော်လည်း စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုမှုများနှင့် အားပေးမှုများနည်းပါးလာခြင်းများကြောင့် ယခုအခါစိုက်ပျိုးမှုများ များစွာလျော့နည်းလာခဲ့ပြီး စိုက်ပျိုးရေး ထွက်ကုန်များ နည်းပါးလာကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများမှ သုတေသနပြု ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

**အကျိုးရှိစွာ အသုံးချရန်လို**

ပြင်ဦးလွင်ဒေသတွင် မလိုင်ထုတ်လုပ်မှုများရှိပြီး အရည်အသွေးကောင်းမွန်သည့် မလိုင်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့ဒေသမှ ထွက်ရှိသည့် ထုတ်ကုန်များအား ပြည်တွင်းဖြန့်ဖြူးမှုသာမက နိုင်ငံတကာသို့ပါ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုများကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေရသူများ များစွာရှိကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသူများကိုလည်း နိုင်ငံတော်နှင့် တပ်မတော်မှ မိမိတို့နိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် ဒေသအလိုက် စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ရှိပြီးသားကောင်းမွန်သည့် ရေခံမြေခံများကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း။

**သစ်တောသစ်ပင်များအား ထိန်းသိမ်း**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးမြေများအား အကျိုးရှိရှိ အသုံးချ၍ စိုက်ပျိုးရေး သီးနှံများ အထွက်နှုန်းကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေး အတွက်လည်း သစ်တောသစ်ပင်များအား ထိန်းသိမ်းကြရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ နှင့် နည်းစနစ်တို့ကို စနစ်တကျဖြင့် ပေါင်းစပ်ဆောင်ရွက်၍ စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းကောင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်မြေဩဇာများ ရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများအား စနစ်တကျ မွေးမြူဆောင်ရွက်ရန်လိုကြောင်း၊ ရှိပြီးသားစိုက်ပျိုးမြေဧရိယာများပေါ်တွင်သာ စိုက်ပျိုးရေး သီးနှံများ အထွက်တိုးအောင် ဆောင်ရွက်ခြင်းဖြင့် သစ်တောခုတ်ထွင်မှုများကို လျှော့ချနိုင်ပြီး သစ်တောများ ပြုန်းတီးမှုကို တတ်နိုင်သမျှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်ရှိ သစ်တောများ ပြုန်းတီးမှု မရှိစေရေးအတွက် မဖြစ်မနေထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ရေဝေရေလဲဧရိယာများတွင် သစ်ပင်သစ်တောများ များပြားလာပြီး ရာသီဥတုများ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကန်တော်ကြီးရေလှောင်ကန်အတွင်း ရေဝင်ရောက်မှု နည်းပါးခဲ့ခြင်းကြောင့် မိမိ၏စက်တင်ဘာလ ခရီးစဉ်အတွင်း ကန်တော်ကြီးရေလှောင်ကန်အတွင်း ရေများပြန်လည်ဝင်ရောက်နိုင်ရေးအတွက် လိုအပ်ချက်များအား ညှိနှိုင်းဖြေရှင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ရေများ အတိုင်းအတာတစ်ခုအထိ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရာသီဥတုများ ဖောက်ပြန်လာပြီး မိုးရွာသွန်းမှုများ နည်းပါးလာကာ ဆည်များနှင့် ကန်များအတွင်းသို့ ရေဝင်ရောက်မှုများ နည်းပါးလာကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များအား ထိန်းသိမ်းကြရန်လိုကြောင်း။

မိုးရေတိုက်စားခြင်းကြောင့် လမ်းများပျက်စီးမှုဖြစ်ပေါ်စေနိုင်၍ ကားလမ်းများအပေါ်တွင် ကျရောက်လျက်ရှိသည့် သစ်ပင်များ၏ သစ်ကိုင်းများအား ရှင်းလင်းရန်လိုကြောင်း၊ ခရီးသွားများ ဝင်ရောက်မှုများပြားစေရေးအတွက် မိမိတို့မြို့ သာယာလှပစေရေး တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့သာယာလှပရေးသည် အခြားကဏ္ဍများနှင့် ဆက်စပ်လျက်ရှိသဖြင့် ဘက်ပေါင်းစုံမှကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အိမ်သာမှ ဧည့်လာမည်ဖြစ်ကြောင်း။

**ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်**

မြို့ပြတိုးချဲ့ရေးနှင့်ပတ်သက်၍ မိမိ၏ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများအရ အကြံပြုတိုက်တွန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူသွားပလက်ဖောင်းများ စနစ်တကျရှိစေရေး၊ အရိပ်ရလေကာပင်များ စိုက်ပျိုးရာတွင်လည်း လမ်းနှင့်လွတ်ကင်းမှုရှိစေရေးအတွက် စနစ်တကျ ကြိုတင်တွက်ချက်ဆောင်ရွက်ကြရန် လိုကြောင်း၊ လမ်းများတည်ဆောက်ခြင်း၊ မြို့ပြများ တိုးချဲ့ခြင်းများဆောင်ရွက်ရာတွင် အနာဂတ် စီမံကိန်းများအတွက်ပါ ထည့်သွင်းတွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပြတည်ဆောက်ရေးနှင့်ပတ်သက်၍ အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာဥပဒေ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဘူတာသည် သမိုင်းဝင်ဘူတာဖြစ်ပြီး ဂုတ်ထိပ်တံတားသည်လည်း သမိုင်းဝင်နေရာ တစ်ခုဖြစ်ကြောင်း၊ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျောက်မီးသွေးသုံး ရထားစက်ခေါင်းများ အသုံးပြု၍ ပြင်ဦးလွင်မြို့ကို ဗဟိုပြုပြီး ရထားခရီးစဉ်များ ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်မြို့တွင် သဘာဝအလှများ များစွာရှိကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ကုန်ထုတ်လုပ်မှုများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ပြင်ဦးလွင်မြို့ကို ပညာရေးနှင့်ပတ်သက်၍လည်း ပညာရေးမြို့အဖြစ် ဖော်ဆောင်ရန်လိုကြောင်း၊ အလားတူ ကျန်းမာရေးနှင့်ပတ်သက်၍လည်း ပြင်ဦးလွင်မြို့ကို ဗဟိုပြု၍ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အား Clean City၊ Green City ဖြစ်အောင် ဆောင်ရွက်၍ ရှိပြီးသားအခြေခံဖြစ်သည့် ရတနာပုံ ဆိုက်ဘာစီးတီး၊ အနီးစခန်းလေယာဉ်ကွင်းများကို အသုံးချ၍ Smart City ဖြစ်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ပြည်သူအားလုံး စုပေါင်းဆောင်ရွက်၍ရသည့် သမဝါယမစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား စုပေါင်းလုပ်ဆောင်သည့် စနစ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရသည် ပြည်သူများ၏ အကျိုးကို ဖြည့်ဆည်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များမှာ ကျယ်ပြောသဖြင့် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် လုပ်ငန်းများ အဆင်ပြေအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခုအခါ အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်သော်လည်း အခြားနိုင်ငံများတွင် အိုမီခရွန် ကိုဗစ်ဗီဇပြောင်းရောဂါပိုးများ ကူးစက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ကိုဗစ် – ၁၉ ကူးစက်မှုအား ထိန်းချုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကိုဗစ်စည်းကမ်းများနှင့်အညီ စနစ်တကျပညာပေးခြင်း၊ ထိန်းသိမ်းကြပ်မတ်ခြင်းများ ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

# ကဏ္ဍအသီးသီးမှာ နိုင်ငံတော်ရဲ့တာဝန်တွေကို ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဟာ အဂတိလိုက်စားမှုဖြစ်ပေါ်စေတဲ့ အပြုအမူတွေကိုရှောင်ရှားပြီး အများပြည်သူအကျိုးစီးပွားကို ဦးတည်ချက်ထားလုပ်ဆောင်ဖို့ လိုအပ်

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်

ဒီဇင်ဘာလ (၉) ရက်နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားအား တက်ရောက်လာကြသော ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် ၅၈ / ၄ နဲ့ ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအသိအမြင်များ ကျယ်ပြန့်လာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ တားဆီးကာကွယ်ရေးအပိုင်းတို့မှာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ရဲ့ အဓိကကျတဲ့ အခန်းကဏ္ဍများကို ပိုမိုသိရှိနားလည်စေဖို့အတွက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းမှာ ကျင်းပပြုလုပ်လျက်ရှိပါတယ်။

ဒါကြောင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့အသိုက်အဝန်းအတွင်း ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့ မြန်မာနိုင်ငံမှာလည်း ၂၀၁၇ ခုနှစ်မှစပြီး ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် လူပုဂ္ဂိုလ်များ တက်ရောက်တဲ့ အခမ်းအနားမဟုတ်ဘဲ Virtual Format နဲ့သာ ကျင်းပရခြင်း ဖြစ်ပါတယ်။

ကုလသမဂ္ဂကချမှတ်ထားတဲ့ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(SDGs)ရဲ့ ပန်းတိုင်–၁၆ မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍအဖြစ် **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး”** ကို ဖော်ပြထားပါတယ်။ အစိုးရဌာန/အဖွဲ့အစည်းများအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွင်း သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပြီး တိုးတက်သာယာတဲ့ နိုင်ငံတော်ကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ပုံဖော်ရာမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကလည်း အရေးပါသလို နိုင်ငံ့ဝန်ထမ်းများနဲ့ အဖွဲ့အစည်းများအတွင်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု တည်ဆောက်ခြင်းနဲ့ အများယုံကြည်မှုတည်ဆောက်ခြင်းတို့လည်း လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နိုင်ငံတော်နဲ့ ပြည်သူများအကြားက ပေါင်းကူးတံတားဖြစ်ပါတယ်။ နိုင်ငံတော်အပေါ် ပြည်သူများရဲ့ ယုံကြည်မှုတွေရရှိဖို့အတွက်ဆိုရင် ဝန်ထမ်းတွေအနေနဲ့ အဂတိတရားကင်းပြီး စည်းမျဉ်းစည်းကမ်းနဲ့ ကျင့်ဝတ်တွေကို လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲ့ဒီလိုလိုက်နာဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါစံတန်ဖိုးများရဲ့ အဓိက ရည်ညွှန်းထားတာကတော့ ဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းတာဝန်ထမ်းဆောင်ရာမှာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုနဲ့တာဝန်ခံမှုရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်းနဲ့ တရားမျှတစွာဆောင်ရွက်ခြင်း အစရှိတဲ့ အခြေခံကျင့်ဝတ် စံတန်ဖိုးများကို အဓိက လက်ကိုင်ထားစေဖို့ ရည်ရွယ်လမ်းညွှန်ထားတာဖြစ်လို့ ဝန်ထမ်းအားလုံး လေးစားလိုက်နာဖို့ လိုအပ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

- **လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကို လက်မခံတဲ့ ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာစေဖို့အတွက် ပြည်သူလူထုတစ်ဦးချင်းစီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်မှသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုနဲ့ အဂတိကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်**

အဂတိလိုက်စားမှု၊ အဂတိတရားဆိုတဲ့ အသုံးအနှုန်းနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ မလုပ်ဖို့ တားမြစ်ဆုံးမတာတွေဟာ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ဗုဒ္ဓတရားတော်များရဲ့ အဆုံးအမတွေနဲ့အညီ နှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့တာဖြစ်ပါတယ်။ အဂတိတရား(၄)ပါးဆိုတာကို တော်တော်များများ သိကြပါတယ်။

**ဆန္ဒာဂတိ** – ချစ်သည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်၍ မပြုလုပ်သင့်တာကို ပြုလုပ်မိခြင်း။

**ဒေါသာဂတိ** –မုန်းသည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်၍ မပြုလုပ်သင့်တာကို ပြုလုပ်မိခြင်း။

**ဘယာဂတိ** – ကြောက်သဖြင့် ဘက်မလိုက်သင့်သည်ကို လိုက်၍ မပြုလုပ်သင့်တာကို ပြုလုပ်မိခြင်း။

**မောဟာဂတိ** – တွေဝေသဖြင့် ဘက်မလိုက်သင့်သည်ကို လိုက်၍ မပြုလုပ်သင့်တာကို ပြုလုပ်မိခြင်း။

တို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဂတိတရားဆိုတဲ့ အဓိပ္ပာယ်ဟာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ကမ္ဘာထက် ပိုမိုကျယ်ပြန့်နက်နဲတယ်လို့ ပြောလိုပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အဂတိလိုက်စားမှုဟာ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်မှုနယ်ပယ်တွေမှာ ငွေကြေးဆိုင်ရာ အဂတိလိုက်စားမှု အပြုအမူများ၊ နိုင်ငံပိုင်ပစ္စည်းနဲ့သက်ဆိုင်တဲ့ အဂတိလိုက်စားမှုအပြုအမူများ၊ လူသားအရင်းအမြစ်နဲ့သက်ဆိုင်သည့် အဂတိလိုက်စားမှု အပြုအမူများ၊ လုပ်ပိုင်ခွင့်အာဏာနဲ့သက်ဆိုင်တဲ့ အဂတိလိုက်စားမှု အပြုအမူများ စတဲ့ပုံစံအမျိုးမျိုးနဲ့ ဖြစ်ပွားနေတာဖြစ်ပါတယ်။

ဒါကြောင့် ကဏ္ဍအသီးသီးမှာ နိုင်ငံတော်ရဲ့တာဝန်တွေကို ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဟာ အဂတိလိုက်စားမှုဖြစ်ပေါ်စေတဲ့ အပြုအမူတွေကိုရှောင်ရှားပြီး အများပြည်သူအကျိုးစီးပွားကို ဦးတည်ချက်ထားလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

တကယ်တော့ အဂတိလိုက်စားမှုဆိုတာဟာ အများပြည်သူအကျိုးစီးပွားဆောင်ရွက်ရန် မိမိကိုယုံကြည်အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အာဏာကိုအသုံးချပြီး မိမိအကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအား လုပ်ပိုင်ခွင့်၊ ချင့်ချိန်နိုင်ခွင့် အလွန်အကျွံအပ်နှင်းထားခြင်း၊ ချင့်ချိန်နိုင်မှု လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး ရှုပ်ထွေးတဲ့ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားခြင်း၊ ချင့်ချိန်ဆောင်ရွက်မှုကို ထိရောက်စွာစောင့်ကြည့်စစ်ဆေးတဲ့ နည်းစနစ်များမရှိခြင်း၊ မိမိတို့ရဲ့ ဆုံးဖြတ်ချက်အတွက် တာဝန်ယူမှုမရှိခြင်းတို့ဟာ အဂတိလိုက်စားမှု ပိုမိုဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရပါတယ်။

အဂတိလိုက်စားမှု ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအပေါ် စိတ်ဆန္ဒပြင်းပြစွာနဲ့ မူဝါဒချမှတ်ဆောင်ရွက်နိုင်ဖို့လိုသလို ဥပဒေမူဘောင်ခိုင်မာရေးကလည်း အရေးကြီးပါတယ်။ ဒါကြောင့် မိမိတို့အစိုးရလက်ထက်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနဲ့ အရေးယူဆောင်ရွက်ခြင်းတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဂတိလိုက်စားမှုဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်တဲ့အတွက် နိုင်ငံတော်အတွင်း အဂတိလိုက်စားမှုကြီးများကို ဖော်ထုတ်ပြီး ဘက်လိုက်မှုမရှိဘဲ ဥပဒေနဲ့အညီ အရေးယူခဲ့တဲ့အပြင် အစိုးရဌာန/ အဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption-Prevention Unit) များကိုလည်း စနစ်တကျအကောင်အထည်ဖော်ဖွဲ့စည်းမှုများ ပြုလုပ်နိုင်ခဲ့တဲ့အတွက် ဌာနများမှာ အဂတိလိုက်စားမှုများ ယခုထက် လျော့နည်းကျဆင်းလာမှာ ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကို လက်မခံတဲ့ ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာစေဖို့အတွက် ပြည်သူလူထုတစ်ဦးချင်းစီက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်မှုသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုနဲ့ အဂတိကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုပြဿနာများကို စိစစ်အကဲဖြတ်ခြင်း၊ ပြုပြင်ပြောင်းလဲရေးများကို ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့မှာ ပြည်သူလူထုပါဝင်ဆောင်ရွက်လာရေးဟာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးမဟာဗျူဟာတွေမှာ အရေးကြီးတဲ့အစိတ်အပိုင်းဖြစ်တယ်ဆိုတာ ဖော်ပြလိုပါတယ်။ အဂတိလိုက်စားမှုကို လျှော့ချဖို့ ရည်ရွယ်တဲ့ မည်သည့်အစီအစဉ်မဆို အဂတိလိုက်စားမှုကြောင့် ထိခိုက်နစ်နာသူများအား ပါဝင်ပတ်သက်ခွင့်ရဖို့ အရေးကြီးပါတယ်။ ညွှန်ကြားချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိနားလည်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့တွေလည်း ပါဝင်လာမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ မြန်မာနိုင်ငံမှာ အဂတိကင်းစင်တဲ့ လူ့အသိုင်းအဝိုင်းဖြစ်လာရေးမှာ ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှု ဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးအရေးယူရမှာဖြစ်သလို နောင်အနာဂတ်မှာလည်း အဂတိလိုက်စားမှုကင်းစင်တဲ့ နိုင်ငံတော်တစ်ရပ်ဖြစ်စေရေးအတွက် အစိုးရဌာန/ အဖွဲ့အစည်းအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းရင်း အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❖ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ၇-၁၂-၂၀၂၁ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ အတိအလင်း ထုတ်ပြန်ထားပြီးဖြစ်သည်။ ကုလသမဂ္ဂဘက်မှ ထုတ်ပြန်သည့် သတင်းကြေညာချက်များသည် ဖြစ်စဉ်အမှန်ကို ထင်ဟပ်ခြင်းမရှိဘဲ တိကျသေချာစွာ စိစစ်ထားခြင်းမရှိသော အွန်လိုင်းပေါ်တွင် ပျံ့နှံ့နေသည့် သတင်းမှားများနှင့် မမှန်မကန် စွပ်စွဲချက်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ကိုးကားထားကြောင်း တွေ့ရှိရသည်။ အလားတူပင် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံး အချို့ကလည်း တစ်ဖက်သတ်ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ရေး ကိစ္စရပ်များကို စွက်ဖက်ပြီး သတင်းမှားများကို အခြေခံသည့် ထုတ်ပြန်ကြေညာချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာ ကန့်ကွက်သည်။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများအနေဖြင့် အတည်မပြုရသေးသော သတင်းများအပေါ် တစ်ဖက်သတ် စွပ်စွဲချက်များ ဆက်လက်မပြုလုပ်ကြရန်၊ ကုလသမဂ္ဂ၏ စံနှုန်းများနှင့် ဗီယင်နာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာကြရန် တိုက်တွန်းဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်။**

## ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနတွင် GAqP သင်တန်းဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်၍ ဌာနတွင်း လုပ်ငန်းခွင်သင်တန်းဖြစ်သည့် ကောင်းမွန်သော ရေနေသတ္တဝါမွေးမြူရေး ကျင့်စဉ် (Good Aquaculture Practices-GAqP) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က မန္တလေးမြို့ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာနတွင် ကျင်းပသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ညီတိုးက အမှာစကား ပြောကြားပြီး သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးအတွင်းမှ ခရိုင်ငါးလုပ်ငန်း ဦးစီးမှူးများ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးများ၊ ငါးလုပ်ငန်း စခန်းတာဝန်ခံများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သည်။ သင်တန်းတွင် ငါးမွေးကန်နေရာရွေးချယ်ခြင်း၊ ငါးကန်တည်ဆောက်မှုအတွက် လိုအပ်ချက်များနှင့် ပစ္စည်းကိရိယာများ သိုလှောင်ခြင်း၊ မှတ်တမ်းများ သိမ်းဆည်းခြင်း၊ ဓာတုဆေးဝါးများနှင့် တိရစ္ဆာန်ဆေးဝါးများ စီမံခန့်ခွဲခြင်း၊ ရောဂါကျရောက်မှု အန္တရာယ်စီမံခန့်ခွဲခြင်း၊ မွေးမြူရေးအစာစီမံခန့်ခွဲမှု၊ ကန်ဖော်ပြီး နောက်ပိုင်းစီမံခန့်ခွဲခြင်းနှင့် Guide lines on ASEAN GAqP for Food fish တို့အား စာတွေ့ လက်တွေ့ သုံးရက် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) အဆင့်မြှင့်တင်ခြင်းစီမံကိန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) အဆင့်မြှင့်တင်ခြင်း စီမံကိန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် ZHONGMEI Engineering Group Ltd. မှ တာဝန်ရှိသူတို့က သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန် တည်ငြိမ်အေးချမ်းမှု လိုအပ်သလို၊ နိုင်ငံသားများကလည်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရန် လိုအပ်ကြောင်း၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းပညာများ တိုးတက်မှသာ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝအခြေအနေ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် အသက်မွေးဝမ်းကျောင်းပညာများ၏ အခန်းကဏ္ဍသည် တစ်နေ့ထက်တစ်နေ့ ပိုမိုအရေးပါလာပြီဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၌ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအထောက်အပံ့ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် စက်မှုသင်တန်းကျောင်း ရှစ်ကျောင်းကို ထူထောင်ဖွင့်လှစ်ပြီး စက်မှုကျွမ်းကျင်လုပ်သား ၁၀၀၀ ခန့်ကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသလို ကာလတို သုံးလ သင်တန်းများ၊ ရွေ့လျားသင်တန်းများ စသည့်အစီအစဉ်များဖြင့် စက်မှုနှင့်အသက်မွေးပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ယခင်က အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် ဘာသာရပ်လေးခုဖြင့် တစ်နှစ်လျှင် သင်တန်းသား ၁၆၀ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဘာသာရပ်အသစ် နှစ်ခုထပ်တိုး၍ ဘာသာရပ် ခြောက်ခုဖြင့် တစ်နှစ်လျှင် ကျွမ်းကျင်လုပ်သား ၂၄၀ ကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီထောက်ပံ့ပေးပါသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ZHONGMEI Engineering Group Ltd. မှ တရုတ်ပညာရှင်အဖွဲ့များနှင့် တာဝန်ရှိသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်းအောက်တွင် တရုတ်နိုင်ငံ၏ စက်မှုကဏ္ဍဆိုင်ရာ အတွေ့အကြုံများ၊ အဆင့်မြင့်နည်းပညာများ ဝေမျှခြင်း၊ မူဝါဒပိုင်းဆိုင်ရာများ ပူးပေါင်းချမှတ်နိုင်ရေး မြှင့်တင်ဆောင်ရွက်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ လိုအပ်ချက်ပြည့်မီစေရန် TVET များမှ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး စဉ်ဆက်မပြတ် ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များသည် သင်တန်းကျောင်း၌ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တံတားဦးမြို့နယ် မြို့သာစက်မှုဥယျာဉ်မြို့တော်သို့ ရောက်ရှိပြီး စက်မှုဇုန်တာဝန်ရှိသူများက စက်မှုဇုန်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး Gold AYA Motors International Group Co., Ltd. ၏ SKD စနစ်ဖြင့် မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (Sinopharm)ကို စက်မှုဝန်ကြီးဌာနရှိ ဆေးဝါးစက်ရုံများတွင် ထုတ်လုပ်နိုင်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စိုက်ပျိုးရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စိုက်ပျိုးရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တာဝန်ယူဆောင်ရွက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. WEI Zhenglin က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။




အစည်းအဝေးသို့ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ကိုယ်စားလှယ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအတွင်း လယ်ယာကဏ္ဍပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် တရုတ်-အာဆီယံနိုင်ငံများအတွင်း အစိမ်းရောင်စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မဲခေါင်ဒေသတွင်းနိုင်ငံများ ပါဝင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မဲခေါင် -လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၏ အောင်မြင်တိုးတက်မှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို နိုင်ငံအလိုက် ရှင်းလင်းတင်ပြကြပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နည်းလမ်းများကို ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Bumper Harvest Projects နှင့် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအတွင်း ငါးနှင့်ရေနေသတ္တဝါ ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် တင်ပြဆွေးနွေးမှုအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*ကျော်ဖုံးမှ*

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ်မတိုင်မီကတည်းက ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်သို့ အုပ်စုပထမဖြင့် တက်ရောက်ထားနိုင်သော်လည်း အဓိက ကစားသမားအများစုဖြင့် ဘာစီလိုနာအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဘာစီလိုနာအသင်းကလည်း ဒမ်ဘီလီ၊ ဒီပေး၊ ဆာဂျီနိုဒက်စ် စသည့်အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ဘိုင်ယန်မြူးနစ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ရရှိခဲ့ပါက အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သော်လည်း ဂိုးပြတ်အရေးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ် သည်။ ထို့အပြင် ဘာစီလိုနာအသင်းသည် ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ခြောက်ပွဲကစားထားပြီး သွင်းဂိုးက နှစ်ဂိုးသာ ရရှိထားကာ ပေးဂိုးက ကိုးဂိုးအထိ ရှိထားသည့်အတွက် အဆိုးရွားဆုံးရာသီတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲကို အနိုင်ရရှိခဲ့သောကြောင့် ၂၀၁၉ ခုနှစ်တွင် လီဗာပူးအသင်းကို ဂိုးမရှိသရေကျပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ၂၈ ပွဲဆက် ဂိုးသွင်းယူနိုင်သည့်အသင်း ဖြစ်လာခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် လီဝမ်ဒေါစကီး၏ဖန်တီးမှုမှ မူလာက သွင်းယူပေးပြီး ဒုတိယဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ဆာနေးက သွင်းယူပေးနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ချေပဂိုးများရရှိရေးကြိုးစားလာသော်လည်း ဘိုင်ယန်မြူးနစ်အသင်း၏ ခံစစ်ကို မကျော်နိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဘိုင်ယန်မြူးနစ်အသင်း၏ နှစ်ဂိုး - ဂိုးမရှိဖြင့် ဦးဆောင်ခြင်းကို ခံခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း ဘာစီလိုနာအသင်း၏ ကစားအားတက်လာခြင်းမရှိဘဲ ဘိုင်ယန်မြူးနစ်အသင်းကသာ ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် မူစီအေလာက ဘိုင်ယန်မြူးနစ်အသင်းအတွက် တတိယဂိုး သွင်းယူပေးနိုင်ခဲ့၍ ဘိုင်ယန်မြူးနစ်အသင်း သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အခြားသော ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်ရလဒ်များတွင် ဂျူဗင်တပ်စ်က မယ်လ်မိုကို တစ်ဂိုး-ဂိုးမရှိ၊ ဘင်ဖီကာက ဒိုင်နမိုကိဗ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆောလ်ဘတ်က ဆီဗီလာကို တစ်ဂိုး-ဂိုးမရှိ၊ လိုင်လီက ဝုဖ်ဘတ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇင်းနစ်နှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သလို မန်ယူနှင့် ယန်းဘွိုင်းစ်အသင်းတို့ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဒီဇင်ဘာ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါ အဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံ ပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ် အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၀၆၆ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၂၈ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၇၄၇၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၃၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၆၇၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၆၆၆၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၁၂၉ ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နှင့် ထန်းတပင်မြို့တို့၌ ဒေသခံပြည်သူ ၁၄၄၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၃၂၄ ဦး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် မောင်တောမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၆၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၉-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| | Antibiotics | | | |
| 1 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 2 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 3 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 4 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 5 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 6 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 7 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| | Anti-inflammatory | | | |
| 8 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 9 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 10 | Injection– Dexamethasone | Vial | 160 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများက ဆရာ ဆရာမများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လုပ်ကြံပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၉**

အကြမ်းဖက်သမားများအနေဖြင့် ကျောင်းသူ ကျောင်းသားများ စာပေသင်ကြားခွင့်မရရှိစေရေးအတွက် ပညာရေးဝန်ထမ်းများအား ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အနီးကပ် လုပ်ကြံပစ်ခတ် သတ်ဖြတ်မှုများပြုလုပ်ခြင်း၊ စာသင်ကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ လူအင်အားဖြင့်စီးနင်း၍ ကျောင်းဆောင်များနှင့် ပရိဘောဂပစ္စည်းများအား ဖျက်ဆီးခြင်း၊ ကျောင်းသူ ကျောင်းသားများ အေးချမ်းစွာ စာပေသင်ကြားနိုင်ရေးအတွက် အနီးကပ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖျက်အမှောင့်နှင့် လုပ်ကြံသတ်ဖြတ်မှုများအား အဓိပ္ပာယ်မဲ့ ကျူးလွန်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းဆရာမဖြစ်သူ ဒေါ်ဇွန်ထက်ထက်ဝင်းသည် ကျောင်းမှ စက်ဘီးဖြင့် ၎င်း၏နေအိမ်သို့ ပြန်လာစဉ် နေအိမ်ရှေ့အရောက်၌ အနောက်မှ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ဒေါ်ဇွန်ထက်ထက်ဝင်းတွင် ယာလက်မောင်းကျည်ထိမှန်ဒဏ်ရာ တစ်ချက်၊ ဝဲလက်မောင်း ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲလက်ပြင် ကျည်ထိမှန်ဒဏ်ရာ တစ်ချက်တို့ရရှိခဲ့သဖြင့် ဆေးဝါးကုသခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ကြောင်း သိရသည်။




ဒေါ်ဇွန်ထက်ထက်ဝင်း (ဒဏ်ရာရ)

အလားတူ နံနက် ၉ နာရီ မိနစ် ၄၀ တွင် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် ဘုရင့်နောင်လမ်းနေ ဦးလှဝေ နှင့် ဇနီးဖြစ်သူ အထက်တန်းပြ ကျောင်းဆရာမ ဒေါ်စုစုအောင်တို့သည် လက်ဖက်ရည်ဆိုင်အတွင်း ရှိနေစဉ် စမ်းရွာကျေးရွာနေ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင် သိန်းထိုက် (၃၃)နှစ် (ဘ)ဦးသိန်းလွင် သည် KENBO 125 ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးလှဝေတွင် ကျည်ဖောက်ဝင်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ ဒေါ်စုစုအောင်တွင် ကျောကုန်း ကျည်ရှပ်ထိဒဏ်ရာတို့ရရှိခဲ့ပြီး အခင်းဖြစ်နေရာမှ သိန်းထိုက်စီးနင်းလာသည့် KENBO 125 ဆိုင်ကယ် တစ်စီး၊ SIG SAUER P226 စာတမ်းပါ ပစ္စတိုသေနတ် တစ်လက်၊ A USA LUGER 9MM ကျည် ၃ တောင့်နှင့် ကျည်ခွံ ၅ ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်လုပ်ဆောင်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း သားသမီးများ၏ ပညာသင်ကြားမှု အခွင့်အရေးအပေါ် တားဆီးနှောင့်ယှက်လျက်ရှိသည့် အကြမ်းဖက်သမားများ၏ သတင်းအား သိရှိရပါကနီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာဖြင့် သတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဝမ်းတွင်းမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန်ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန် ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာအနီးရှိ ရန်ကုန်-မန္တလေးမီးရထားလမ်း တံတား အမှတ်(၆၉၁)အနီး သပြေတောင်းဘူတာနှင့် စမုံဘူတာကြား၌ ရထားလမ်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ (စိစစ်ဆဲ) က မိုင်းထောင်၍ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် အဆိုပါရထားသံလမ်း ၂ ပေခန့် ပျက်စီးခဲ့ကာ ရထားသွားလာမှု ပြတ်တောက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန် ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုရှယ်မီဒီယာများပေါ်တွင်ထွက်ပေါ်နေသည့် သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဒီဇင်ဘာ ၉

ယခုလက်ရှိ မြန်မာနိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ ပြည်တွင်း/ ပြည်ပ ပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံအား ပြိုကွဲစေလိုသော နိုင်ငံတချို့ ပူးပေါင်းကာ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုနှင့် တပ်မတော်ကို သွေးခွဲရန်၊ အမုန်းတရားများပြန့်ပွားစေရန်၊ ပဋိပက္ခများပိုမိုကြီးထွားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုအားပေးသူများ စိတ်ဓာတ်တက်ကြွစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုသတင်းအမှားများ ဖော်ပြခြင်း၊ တပ်မတော်မှ အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်သတ်ဖြတ်နေသည့်အသွင်ဖြင့် လုပ်ကြံဖန်တီးထားသည့် သတင်းတုထုတ်လွှင့်ခြင်းများ မကြာခဏ ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပုံရိပ်ပျက်ပြားစေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်များမှတစ်ဆင့် လုပ်ကြံဖန်တီးဖော်ပြလျက်ရှိကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဆိုရှယ်မီဒီယာများကို အသုံးပြု၍ ငွေအား၊ နည်းပညာအားဖြင့် ပြည်တွင်း/ပြည်ပ ဟန်ချက်ညီဆောင်ရွက်နေကြခြင်းဖြစ်သည်။

ဥပမာအားဖြင့် မကြာသေးမီက ဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆူပူဆန္ဒပြမှုနှင့်ပတ်သက်၍ ဆူပူဆန္ဒပြသူ ၃ ဦး ဒဏ်ရာရရှိခဲ့ခြင်းကို ပြည်တွင်း/ ပြည်ပ ပြည်ဖျက်မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သံရုံးတချို့မှ ပြည်သူလူထု၏ သနားကြင်နာတတ်သောစိတ်အခံကိုအသုံးချကာ လူ ၅ ဦး သေဆုံး၍ အများအပြားဒဏ်ရာရကြောင်း မဟုတ်မမှန်ဝါဒဖြန့်ချိမှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့မဟုတ်မမှန်ဝါဒဖြန့်ချိသတင်းအမှားများကို တချို့သံတမန်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာသို့ အတည်ပြုချက်ရယူခြင်းမပြုဘဲ သတင်းထုတ်ပြန်ချက်များထုတ်ပြန်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ထပ်ဆင့်လုပ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ ဆူပူဆန္ဒပြမှုဖြစ်စဉ်အမှန်သည် သာမန်ဆန္ဒပြခြင်းမျိုးမဟုတ်ဘဲ အကြမ်းဖက်သမားများပါဝင်နေပြီး၊ အကြမ်းဖက်မှုသို့ ကူးပြောင်းမည်ဖြစ်ကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ထုံးလုပ်နည်း (Counter–terrorism Strandard Operating Procedure) များနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့သော ဆူပူ ဆန္ဒပြမှုများတွင် အကြမ်းဖက်သမားများက လူငယ်လူရွယ်တချို့ကို လူသားတံတိုင်း (Human Shield) အဖြစ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အသုံးချနေကြသည်ကိုလည်း တွေ့ရှိရသည်။

ဒုတိယသတင်းမှားတစ်ခုအနေဖြင့် ခေတ်သစ်ပြည်ဖျက်မီဒီယာတွင် လူများ အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံထားရသည့် ရုပ်သံဖိုင်တစ်ခုကို ထုတ်လွှင့်ကာ တပ်မတော်မှ ပြုလုပ်လေဟန် သတင်းမှားဖြန့်ချိလျက်ရှိသည်။ အဆိုပါရုပ်သံဖိုင်သည် ဆိုရှယ်မီဒီယာများပေါ်တွင် တစ်မဟုတ်ချင်း ပျံ့နှံ့သွားပြီး ပြည်တွင်း/ပြည်ပ ချိတ်ဆက်ဆောင်ရွက်နေကြကြောင်း ထင်ရှားစွာတွေ့မြင်နေရသည်။ မြေပြင်သတင်းစုံစမ်းချက်အရ ထိုရုပ်သံဖိုင်တွင်ဖော်ပြထားသည့် အကြောင်းကိစ္စနှင့်ပတ်သက်၍ တပ်မတော်နှင့် (လုံး၀) သက်ဆိုင်ခြင်းမရှိဘဲ တပ်မတော်၏ပုံရိပ်ကျဆင်းစေရန် လုပ်ကြံဝါဒဖြန့်ချိထားခြင်းသာဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး သက်ဆိုင်ရာမှ အဖြစ်မှန်ပေါ်ပေါက်စေရန်အတွက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုအနေဖြင့် ပြည်ဖျက်မီဒီယာများနှင့်

*စာမျက်နှာ ၁၃ သို့*










> “အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုအားပေးသူများ စိတ်ဓာတ်တက်ကြွစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှု သတင်းအမှားများ ဖော်ပြခြင်း၊ တပ်မတော်မှ အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်သတ်ဖြတ်နေသည့်အသွင်ဖြင့် လုပ်ကြံဖန်တီးထားသည့် သတင်းတုထုတ်လွှင့်ခြင်းများ မကြာခဏ ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပုံရိပ်ပျက်ပြားစေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်များမှတစ်ဆင့် လုပ်ကြံဖန်တီးဖော်ပြလျက်ရှိ”

> “ပြည်တွင်း/ ပြည်ပ ပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံအား ပြိုကွဲစေလိုသော နိုင်ငံတချို့ ပူးပေါင်းကာ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုနှင့် တပ်မတော်ကို သွေးခွဲရန်၊ အမုန်းတရားများပြန့်ပွားစေရန်၊ ပဋိပက္ခများ ပိုမိုကြီးထွားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်လျက်ရှိ”

*စာမျက်နှာ ၁၂ မှ*

အကြမ်းဖက်သမားများ၏ ဝါဒဖြန့်ချိချက်များကို သတိပြုနိုင်ကြရန်နှင့် အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွှယ်နေသော ဆူပူအကြမ်းဖက် ဆန္ဒပြမှုဖြစ်စဉ်များတွင် လူသားတံတိုင်းအဖြစ် အသုံးချမခံရစေရေး၊ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်လက်တွဲကာ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

❒ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆူပူဆန္ဒပြမှုနှင့်ပတ်သက်၍ ဆူပူဆန္ဒပြသူ ၃ ဦး ဒဏ်ရာရရှိခဲ့ခြင်းကို ပြည်တွင်း/ ပြည်ပ ပြည်ဖျက်မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သံရုံးတချို့မှ ပြည်သူလူထု၏ သနားကြင်နာတတ်သော စိတ်အခံကိုအသုံးချကာ လူ ၅ ဦး သေဆုံး၍ အများအပြားဒဏ်ရာရကြောင်း မဟုတ်မမှန်ဝါဒဖြန့်ချိမှုများ ဆောင်ရွက်ခဲ့ ”







*❇ ကျောဖုံးမှ*

ဘုန်းတော်ကြီးကျောင်းအချို့တွင် သိုဝှက်သိမ်းဆည်းခြင်း၊ ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်၍ အကြမ်းဖက်လုပ်ငန်းများကို အားပေးခြင်း၊ ကိုယ်တိုင်ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်မှုများကို ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ခူလည်ကျေးရွာရှိ မဏိဇောတိက ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တရားမဝင် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားကြောင်း တာဝန်သိပြည်သူတို့၏ သတင်းပေးပို့မှုအရ ဒီဇင်ဘာ ၈ ရက် ညပိုင်းတွင် အဆိုပါကျောင်းအား သွားရောက်၍ ဖော်ထုတ်သိမ်းဆည်းမှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ရှာဖွေဖော်ထုတ်ခဲ့ရာတွင် အဆိုပါကျောင်းတိုက်ရှိ ဥူးအာစာရ (ဝါတော် ၄ ဝါ) (ခ) ဦးညီနိုင် ၃၉ နှစ် (ဘ) ဦးနတ်ပေါ်၏ ထွက်ဆိုချက်အရ ဆွမ်းစားဆောင် အနောက်ဘက်တွင် မြေကြီးအတွင်း




ဥူးအာစာရ(ဝါတော် ၄ ဝါ) (ခ) ဦးညီနိုင် (၃၉)နှစ် (ဘ)ဦးနတ်ပေါ်

မြှုပ်နှံထားသော KA သေနတ် အလက် ၂၀၊ ၎င်းကျည်အိမ် ၆၀၊ ၎င်းကျည်အတောင့် ၇၀၀၀၊ လက်ပစ်ဗုံး ၉၇ လုံး၊ အီနာဂါ ၅၄ လုံး၊ လျှပ်စစ်စနစ်တံ အချောင်း ၃၀၀၊ ယမ်းမှုန့် ၁၅ ပိဿာခန့်၊ သေနတ်လွယ်ကြိုးနှင့် စစ်ချပ်ဝတ် အခု ၂၀ စီတို့အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၂၉ ရက်၌လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၈၅ x ၈၆ လမ်းကြားရှိ မြတောင်ဘုန်းကြီးကျောင်းတိုက်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်အုပ်ဆရာတော်ဘုရားထံခွင့်ပန်၍ ဝင်ရောက်ရှာဖွေခဲ့ရာ အကြမ်းဖက်သမား တစ်ဦးနှင့် ရှော့တိုက်လက်လုပ်မိုင်း ၁၄ လုံး၊ လက်လုပ်မိုင်းအကြီး လေးလုံး၊ အကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ကျောင်းတိုက်ဝင်းအတွင်းရှိ ဦးဩဘာသကျောင်းအား ထပ်မံရှာဖွေဖော်ထုတ်ခဲ့ရာ Air Gun အတို တစ်လက်၊ လက်လုပ်မိုင်းအကြီး ၁၄ လုံး၊ အကြမ်းဖက်သမားများကို ထောက်ပံ့မည့် ငွေသားအချို့တို့ကို သိမ်းဆည်းရမိခဲ့သည်။

**ပဲခူးမြို့နယ် ရန်ကုန် - မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၂၅/၅) နေရာ၌ ရောဝတီဘဏ်မှ ငွေသယ်ယာဉ်နှစ်စီးအား ဓားပြတိုက်သည့်ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ**




အလားတူ စက်တင်ဘာ ၁၃ ရက်တွင် အကြမ်းဖက်သမားများသည် CDM ဘဏ်ဝန်ထမ်းအချို့နှင့် ပူးပေါင်း၍ ပဲခူးမြို့ ရောဝတီဘဏ်ခွဲ (၁) မှ ငွေကျပ် ၄ ဘီလီယံ တင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီးအား ရန်ကုန်- မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅/၅) နေရာ၌ ယာဉ်ထိန်းရဲဝတ်စုံများ ဝတ်ဆင်ကာ ဘဏ်ငွေများ ဓားပြတိုက်လုယက်ယူဆောင်ပြီး လက်နက်/ ခဲယမ်းများနှင့် ငွေများအား ဥဿာမြို့သစ် ရပ်ကွက်ကြီး (၈) ရှိ “ဓမ္မဒူတ” သီလရှင်ကျောင်းတိုက်ရှိ **ဒေါ်ဥပ္ပသမာ** နှင့် **ဒေါ်ဓမ္မစာရီ** တို့ထံတွင် အပ်နှံခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖော်ထုတ်ဖမ်းဆီးခဲ့ရသည်။

ထို့အတူ ဒီဇင်ဘာ ၅ ရက်တွင် ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဂုံးညှင်းတန်းအုပ်စု လဲလောင်းကျေးရွာအနီး ခြေတော်ရာ ဘုန်းကြီးကျောင်းအတွင်းမှ ဥူးပညာနန္ဒာ(ခ)ကြည်ညွန့် (၆၆) နှစ်အား ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမကျည် အတောင့် ၂၀၊ အမ်-၁၆ တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၅ ဒသမ ၅၆ ကျည် ၉၆ တောင့်၊ ရှေ့ထွက်မိုင်း သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) ဓမ္မဒူတသီလရှင်ကျောင်းတွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်အုပ်စုဖြစ်သည့် NUG နှင့် NUG ၏ စေခိုင်းချက်များအရ မြို့၊ ရွာများတွင် သက်ဆိုင်ရာ ဘာသာအလိုက် ရဟန်းသံဃာတော် အယောင်ဆောင်သူများ၊ ဘာသာရေးဆရာတော် အယောင်ဆောင်သူများ၊ သံဃာတော် ကျောင်းတိုက်များနှင့် ဘာသာရေးကျောင်းများတွင် အကြမ်းဖက်ဖောက်ခွဲရေးပစ္စည်းများ သိုဝှက်သိမ်းဆည်းရန် ခုတုံးလုပ်သူများက ရည်ရွယ်ချက်ရှိစွာဖြင့် သက်ဆိုင်ရာ ဘာသာ၊ သာသနာအလိုက် ညှိုးနွမ်းပျက်စီးပပျောက်ရေးကိုပါ ဦးတည်လုပ်ဆောင်လာမှုအပေါ် ကိုးကွယ်ယုံကြည်ရာ ဘာသာဝင်များအနေဖြင့် အသိတရား လက်ကိုင်ထားလျက် နိုင်ငံတော်အစိုးရ၏ ဓမ္မစက်၊ အာဏာစက်များဖြင့် ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်မှုများ၌ ဘာသာရေးအရေခြုံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သတင်းများကို အချိန်မီနိုးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ကြရေး သက်ဆိုင်ရာမှနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အစ္စရေးနိုင်ငံခြားရေးဝန်ကြီးနှင့် အီဂျစ်သမ္မတတို့ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ကိုင်ရိုမြို့၌ တွေ့ဆုံ

ဂျေရုဆလင် ဒီဇင်ဘာ ၉

**နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ယာလာပစ်သည် ဒီဇင်ဘာ ၉ ရက်က အီဂျစ်သမ္မတ အက်ဘ်ဒယ်ဖာတာ့အယ်လ်စီစီနှင့် တွေ့ဆုံရန် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ တရားဝင်လာရောက်ခဲ့သည်။**



အစ္စရေး-အီဂျစ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးသည် အစ္စရေးနိုင်ငံ၏ အကျိုးစီးပွားအတွက် အလွန်အရေးပါကြောင်း လာပစ်က အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

လာပစ်၏ တစ်ရက်တာခရီးစဉ်တွင် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှိုခရီနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်သွားရန် လာပစ်သည် အီဂျစ်နိုင်ငံမှ တရားမဝင်ခိုးထုတ်လာပြီး အစ္စရေးအာဏာပိုင်များက ဖမ်းဆီးရမိထားသော ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

ယခုခရီးစဉ်သည် ဒေသတွင်းတည်ငြိမ်အေးချမ်းစေရန် ဘုံအကျိုးစီးပွားကို ထိန်းညှိလုပ်ဆောင်သည့် အစ္စရေးအစိုးရ၏ နိုင်ငံခြားရေးမူဝါဒအစိတ်အပိုင်းတစ်ခုဖြစ်သည်။

စက်တင်ဘာလတွင် ဖုန်းဖြင့် ဆွေးနွေးပြောဆိုပြီးနောက် ယခုခရီးစဉ်အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့် စက်တင်ဘာလက စီစီသည် အစ္စရေးဝန်ကြီးချုပ် နာဖ်တာလီဘန်းနက်ကို ပင်လယ်နီ အပန်းဖြေနေရာတစ်ခုဖြစ်သည့် ရှမ်အယ်လ်ရှိတ်တွင် သွားရောက်တွေ့ဆုံခဲ့သည်။ **ဆင်ဟွာ**

# မာလီအလယ်ပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွား ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ခုနစ်ဦးကျဆုံး

**ဘာမာကို ဒီဇင်ဘာ ၉**

မာလီအလယ်ပိုင်းတွင် ဒီဇင်ဘာ ၈ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂမစ်ရှင်က တွစ်တာတွင် ဖော်ပြခဲ့သည်။

Douentza နှင့် Sevare မြို့နှစ်မြို့ကြားတွင် ထောက်ပံ့ပို့ဆောင်ရေးယာဉ်တန်း တိုက်ခိုက်ခံရခြင်းဖြစ်သည်။ အဆိုပါဒေသရှိ အုပ်စုများသည် အယ်လ်ကေဒါးနှင့် အိုင်အက်စ်အဖွဲ့တို့နှင့် ဆက်နွှယ်လျက်ရှိသော်လည်း အဆိုပါတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း မသိရသေးချေ။




ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်အချို့ တာဝန်ထမ်းဆောင်နေစဉ်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အဆိုပါတိုက်ခိုက်မှုကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချထားကြောင်း ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

တိုက်ခိုက်သူများကို မှန်ကန်သည့် တရားစီရင်မှုများ ပြုလုပ်နိုင်ရန် မာလီအာဏာပိုင်များကို ၎င်းက တိုက်တွန်းလိုက်သည်။

မာလီသည် အာဖရိက၏ အကြီးဆုံးနှင့် ဆင်းရဲတွင်းအနက်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် အကြမ်းဖက်မှုများကို ထိန်းသိမ်းရန် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၃၀၀၀ ကျော်ကို ဖြန့်ကြက်ချထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံသား ၇၀ ရာခိုင်နှုန်းကျော် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူချင်ကြောင်း သုတေသနစစ်တမ်းတစ်ခုတွင် ဖော်ပြ

ကန်ဘာရာ ဒီဇင်ဘာ ၉


**ဩစတြေးလျနိုင်ငံသား ၇၀ ရာခိုင်နှုန်းကျော် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူချင်ကြောင်း သုတေသနစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။**

ဩစတြေးလျ အမျိုးသား တက္ကသိုလ်မှ သုတေသနပညာရှင်များက ဒီဇင်ဘာ ၉ ရက်တွင် ၎င်းတို့၏ နောက်ဆုံးတွေ့ရှိချက်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ သုတေသနပြုလုပ်ချက်အရ ၇၁ ဒသမ ၉ ရာခိုင်နှုန်း အထက်ရှိ ပါဝင်ဖြေကြားသူများသည် အကယ်၍ ကိုဗစ်-၁၉ အပိုဆောင်း ကာကွယ်ဆေးထိုးခွင့်ရပါက ထိုးချင်ကြောင်း ဖြေကြားခဲ့သည်။

သို့သော်လည်း တချို့လူများမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခြင်းနှင့် ပတ်သက်ပြီး စဉ်းစားလျက်ရှိကြောင်း သိရသည်။

အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အသက် ၁၈ နှစ်အထက်ရှိ ဩစတြေးလျနိုင်ငံသားများနှင့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားပြီး ခြောက်လကြာသူများ ထိုးနှံနိုင်ပြီဖြစ်ကြောင်း သိရသည်။




ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးကို တွေ့ရစဉ်။

ဒီဇင်ဘာ ၈ ရက်အထိ အသက် ၁၆ နှစ်အထက် ၉၃ ဒသမ ၁ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်းသိရပြီး ၈၈ ဒသမ ၇ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၃၄၆၆၆၂၄၁ ဦးရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၄၁၉ ဦးရှိလာသောကြောင့် ဒီဇင်ဘာ ၉ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၆၆၆၂၄၁ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၅၉ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၇၄၁၁၁ ဦးအထိရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၄၇၄၂ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၉ ဦး တိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၈၂၅၁ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၀၉၇၃၈၈ ဦးရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၄၉၆၅၈၄ ဦးအထိရှိလာ

**ဆိုးလ် ဒီဇင်ဘာ ၉**

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၈ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၇၁၀၂ ဦး တိုးလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၉၆၅၈၄ ဦးအထိ ရှိလာခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ အမြင့်ဆုံးကူးစက်ဖြစ်ပွားသူအရေအတွက် ၇၁၇၄ ဦးထက် အနည်းငယ်လျော့နည်းခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀၀၀ အထက် ရောက်ရှိခဲ့သည်မှာ နှစ်ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း သိရသည်။ ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၂၇၈၅ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၂၁၃၆ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၄၉၇ ဦးမှာ အင်ချွန်မှဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး အဆိုပါဒေသတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၆၄ ဦး သို့မဟုတ် ၂၃ ဒသမ ၅ ရာခိုင်နှုန်း ရှိလာခဲ့သည်။ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ခံရသူ ၆၀ အထိရှိလာခဲ့ပြီး နိုင်ငံခြားကူးစက်ဖြစ်ပွားသူ ၁၅ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၄၅ ဦးဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသောအခြေအနေခံစားနေရသူ ၈၅၇ ဦးအထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် ၁၇ ဦးတိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၅၇ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူ ၄၀၇၇ ဦးအထိ ရှိလာခဲ့ပြီးသေဆုံးနှုန်းမှာ ၀ ဒသမ ၈၂ ရာခိုင်နှုန်းရှိသည်။ **ဆင်ဟွာ**

## ဒီဇင်ဘာ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၇ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၅ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၁၆၂ ဦးရှိ

(၉–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၄၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၄၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၅၀,၃၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၅,၇၅၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၃၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၁,၉၅၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၆၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၉–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၅၄) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၅) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၅၀) ခု | (၃) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၀) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၁) ခု | (၁၀) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၀၃၆) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၄) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၄၈၀) ခု | (၂၇၈) ဦး |
| စုစုပေါင်း | (၁၅,၄၇၃) ခု | (၃၄၇) ဦး |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၉–၁၂–၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၅၆) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ် သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ၉-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၄၂၂၄၁၀ | ၃၉၈၁၅၈၆၆ | ၈၁၃၉၀၄ |
| ၂။ | အိန္ဒိယ | ၃၄၆၆၆၂၄၁ | ၃၄၀၉၇၃၈၈ | ၄၇၄၁၁၁ |
| ၃။ | ဘရာဇီး | ၂၂၁၆၇၇၈၁ | ၂၁၃၉၉၃၁၆ | ၆၁၆၂၉၈ |
| ၄။ | ဗြိတိန် | ၁၀၆၁၀၉၅၈ | ၉၃၄၀၃၉၀ | ၁၄၅၉၈၇ |
| ၅။ | ရုရှား | ၉၉၂၅၈၀၆ | ၈၆၃၇၈၆၁ | ၂၈၆၀၀၄ |
| ၆။ | တူရကီ | ၈၉၆၄၇၁၁ | ၈၅၁၆၅၂၂ | ၇၈၄၀၇ |
| ၇။ | ပြင်သစ် | ၈၀၄၈၉၃၁ | ၇၂၃၁၂၉၂ | ၁၂၀၀၃၂ |
| ၈။ | ဂျာမနီ | ၆၃၃၉၅၉၃ | ၅၂၂၅၇၀၀ | ၁၀၄၉၃၂ |
| ၉။ | အီရန် | ၆၁၄၄၆၄၄ | ၅၉၄၃၄၆၇ | ၁၃၀၄၄၆ |
| ၁၀။ | အာဂျင်တီးနား | ၅၃၄၈၁၂၃ | ၅၂၀၆၉၁၁ | ၁၁၆၇၀၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၉ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၈၅၆၀ | ၄၁၀၉၃၆၄ | ၁၄၃၉၁၈ |
| ဖိလစ်ပိုင် | ၂၈၃၅၉၉၆ | ၂၇၇၃၈၉၁ | ၄၉၉၃၆ |
| မလေးရှား | ၂၆၇၃၀၁၉ | ၂၅၈၁၃၉၅ | ၃၀၇၄၆ |
| ထိုင်း | ၂၁၅၆၅၈၇ | ၂၀၇၅၀၈၈ | ၂၁၀၈၂ |
| ဗီယက်နမ် | ၁၃၆၇၄၃၃ | ၁၀၅၀၉၇၉ | ၂၇၁၈၆ |
| မြန်မာ | ၅၂၅၇၅၀ | ၅၀၁၉၅၀ | ၁၉၁၆၂ |
| စင်ကာပူ | ၂၇၁၂၉၇ | ၂၆၂၇၅၁ | ၇၇၄ |
| ကမ္ဘောဒီးယား | ၁၂၀၃၁၂ | ၁၁၆၆၆၈ | ၂၉၇၄ |
| လာအို | ၈၄၅၀၃ | ၇၂၁၂၈ | ၂၂၄ |
| ဘရူနိုင်း | ၁၅၃၀၁ | ၁၅၀၈၈ | ၉၈ |

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ (တတိယဆု)

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့

ဇော်လွင်ဦး (ဟသ်ာတ)

**ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း**



| | | |
|---|---|---|
| အမည် | - | ဇော်လွင်ဦး |
| ကလောင်အမည် | - | ဇော်လွင်ဦး(ဟသ်ာတ) |
| အသက် | - | ၅၈ နှစ် |
| ပညာအရည်အချင်း | - | ဝိဇ္ဇာဘွဲ့ (မြန်မာစာ)၊ မဟာဝိဇ္ဇာဘွဲ့ နောက်ဆုံးနှစ် |

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကာလ**

နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အတွင်းကာလသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကာလဖြစ်ပါသည်။ ကျားမကွဲပြားမှုအခြေပြု အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုဟုလည်း ခေါ်ကြသည်။ ထို ၁၆ ရက်သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ နိုဝင်ဘာ ၂၅ ရက်မှစတင်ပြီး ကမ္ဘာ့လူ့အခွင့်အရေးနေ့ ဒီဇင်ဘာ ၁၀ ရက် အထိဖြစ်သည်။ ထိုကာလအတွင်းတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနေ့ (နိုဝင်ဘာ ၂၉ ရက်)၊ ကမ္ဘာ့ AIDS နေ့ (ဒီဇင်ဘာ ၁ ရက်)နှင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (ဒီဇင်ဘာ ၆ ရက်)တို့ ပါဝင်နေသည်။ ၂၀၂၁ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ဖို့၊ ယခုပင်ဆောင်ရွက်စို့" (End violence against women now) ဖြစ်သည်။

**၁၆ ရက်တာလှုပ်ရှားမှုစတင်ပေါ်ပေါက်လာပုံ**

၁၉၉၁ ခုနှစ်မှစတင်ခဲ့သော ဤလှုပ်ရှားမှုတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံမှ အဖွဲ့အစည်းပေါင်း ၆၀၀၀ ကျော်ပါဝင်လှုပ်ရှားဆောင်ရွက်ကြသည်။ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၂၅ ရက်နေ့က ဒိုမီနီကန်သမ္မတနိုင်ငံတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ သုံးဦးဖြစ်သည့် Patria၊ Minerva နှင့် Maria Teresa Mirabal ညီအစ်မသုံးယောက်တို့သည် ဒိုမီနီကန်လျှို့ဝှက်ရဲများက ရက်စက်စွာ ရိုက်နှက်သတ်ဖြတ်ပြီး ချောက်ကမ်းပါးအောက်ခြေ၌ စွန့်ပစ်ခံခဲ့ရသည်။ ထိုညီအစ်မများသည် အမျိုးသမီးဝါဒကိုခုခံခြင်း၏ သင်္ကေတများဖြစ်လာကြပြီး သူတို့၏ သေဆုံးမှုအောက်မေ့ဖွယ် နိုဝင်ဘာ ၂၅ ရက်ကို လက်တင်အမေရိကရှိ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ် ၁၉၈၀ ပြည့်နှစ်မှ စတင်သတ်မှတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့ကို ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂက တရားဝင်အသိအမှတ်ပြုခဲ့သည်။ ၁၉၉၁ ခုနှစ် ဇွန်လတွင် အမျိုးသမီးများ၏ ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုဗဟိုဌာန (CWGL) သည် ကျား၊ မ ရေးရာအခြေခံ အကြမ်းဖက်မှုဆန့်ကျင်ရေး ၁၆ ရက်ကြာ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုကို တောင်းဆိုခဲ့ရာမှ ထိုလှုပ်ရှားမှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ်မှစ၍ ၁၆ ရက်တာလှုပ်ရှားမှုအခမ်းအနားများ ကျင်းပခဲ့သည်။

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသည်**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများကို လုပ်ဆောင်နေကြသော်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် စိုးရိမ်ဖွယ်ရာ အတိုင်းအတာတစ်ခုအထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။ သို့သော် အများစုက ထိုသို့အကြမ်းဖက်မှုကို ပုံမှန်အပြုအမူအဖြစ် လက်ခံထားလေ့ရှိကြသည်။ ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် နေ့စဉ်နှင့်အမျှ အမျိုးသမီး ၁၃၇ ဦးသည် ၎င်းတို့၏ အဖော် သို့မဟုတ် မိသားစုဝင်များ၏ သတ်ဖြတ်ခြင်းကို ခံနေရသည်ဟု ဆိုသည်။ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီး သုံးဦးလျှင် တစ်ဦးသည် ၎င်းတို့၏ တစ်သက်တာတွင် ရင်းနှီးသော လက်တွဲဖော်၏ အကြမ်းဖက်မှု (IPV) ကို ကြုံတွေ့ဖူးသည်ဟု ဖော်ပြသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖြစ်ပွားပုံနှင့် အကြောင်းရင်းအပါအဝင် လွဲမှားသော အယူအဆများ များပြားစွာရှိသည်။ အများစုက အကြမ်းဖက်မှုဆိုသည်နှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုသာ တွေးမြင်လိုက်ကြသည်။ အမှန်မှာမူ ထို့ထက်ပိုမိုကျယ်ပြန့်ပြီး ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအလွဲသုံးစားမှုများ ပါဝင်သည်။ အမျိုးသမီးများအပေါ် အဓိကအကြမ်းဖက်မှု အမျိုးအစားနှစ်မျိုးမှာ အိမ်တွင်းမိသားစုအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုတို့ဖြစ်သည်။

> **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဖြစ်ပွားပုံနှင့် အကြောင်းရင်းအပါအဝင် လွဲမှားသော အယူအဆများ များပြားစွာရှိသည်။ အများစုက အကြမ်းဖက်မှုဆိုသည်နှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုသာ တွေးမြင်လိုက်ကြသည်။ အမှန်မှာမူ ထို့ထက်ပိုမိုကျယ်ပြန့်ပြီး ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအလွဲသုံးစားမှုများ ပါဝင်သည်"**

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ**

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းတွင် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသော ဝေါဟာရသည် အမျိုးသမီးများအား ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် လွတ်လပ်ခွင့်များ မတရားဆုံးရှုံးခြင်းအပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဖွယ်ရှိသော သို့မဟုတ် ဖြစ်ပေါ်လာနိုင်သည့် ကျား၊ မကွဲပြားမှုကိုအရင်းခံသည့်အကြမ်းဖက်မှုကို ဆိုလိုသည်"ဟု ဖော်ပြပါရှိသည်။ အိမ်တွင်းအကြမ်းဖက်မှု၏ အဓိကအချက်များတွင် ရင်းနှီးသောဆက်ဆံရေးရှိသူများ သို့မဟုတ် ရှိဖူးသူများကြားတွင် ဖြစ်ပွားသည့် အကြမ်းဖက်မှုများ၊ အကြောက်တရားဖြင့် လက်တွဲဖော်ကိုထိန်းချုပ်ရန် ရည်ရွယ်သည့် အပြုအမူများလည်း ပါဝင်သည်။

ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများတွင် ပါးရိုက်ခြင်း၊ တွန်းထိုးခြင်း၊ တစ်စုံတစ်ခုဖြင့်ထိခိုက်စေခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ လှေကားပေါ်မှတွန်းချခြင်း၊ ကန်ကျောက်ခြင်း၊ လက်ကိုလိမ်ခြင်း၊ လည်ပင်းကို ညှစ်ခြင်း၊ မီးလောင်ဒဏ်ရာများရစေခြင်း စသည်တို့ ပါဝင်နိုင်သည်။

စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုများတွင် ငွေကြေးထိန်းချုပ်မှု၊ မိသားစု၊ အပေါင်းအသင်းမိတ်ဆွေများနှင့် အထီးကျန်စေခြင်း၊ စဉ်ဆက်မပြတ် အရှက်ရစေခြင်း၊ ကလေးများကို ခြိမ်းခြောက်ခြင်း သို့မဟုတ် ဒဏ်ရာရစေရန် သို့မဟုတ် သေဆုံးစေရန်အထိ ခြိမ်းခြောက်ခြင်း စသည့် အပြုအမူများစွာပါဝင်နိုင်သည်။

ငွေကြေး သို့မဟုတ် စီးပွားရေး အလွဲသုံးစားမှုတွင် အခြားသူတစ်ဦး၏ ငွေကြေး သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို အတင်းအကျပ်ထိန်းချုပ်ခြင်း ပါဝင်သည်။ ငွေသားခိုးယူခြင်းလည်း ပါဝင်နိုင်ပြီး ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်မပြုခြင်း၊ အလုပ်လုပ်နိုင်ရန် ပိတ်ပင်တားဆီးခြင်းတို့လည်း ပါဝင်သည်။

မိသားစုအကြမ်းဖက်မှုဆိုသည်မှာ မိသားစုဝင်များကြားတွင် အကြမ်းဖက်မှုနှင့် ရင်းနှီးသော လက်တွဲဖော်များအကြားတွင် အကြမ်းဖက်မှုကို ရည်ညွှန်းသည့် ပိုမိုကျယ်ပြန့်သော အသုံးအနှုန်းဖြစ်သည်။ ၎င်းတွင် အိမ်တွင်းအကြမ်းဖက်မှုအတွက် ဖော်ပြထားသည့်အတိုင်း အလားတူ အပြုအမူမျိုးများ ပါဝင်သည်။ အိမ်တွင်းအကြမ်းဖက်မှုကဲ့သို့ပင် မိသားစုအကြမ်းဖက်မှု၏ အသွင်အပြင်အချို့သာ ဖြစ်မှုကျူးလွန်သော်လည်း အကြမ်းဖက်ခံရမှုကို ကြောက်ရွံ့ထိတ်လန့်စေသည့် မည်သည့်အပြုအမူကိုမဆို လက်ခံနိုင်စရာမရှိပေ။ 'မိသားစုအကြမ်းဖက်မှု'ဟူသော အသုံးအနှုန်းသည် အကြမ်းဖက်မှုများဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးအပြင် ဆွေမျိုးသားချင်းဆက်ဆံရေးအထိ ကျယ်ပြန့်စွာ ပါဝင်သည်။

လိင်ပိုင်းဆိုင်ရာ စော်ကားမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် မုဒိမ်းမှု၊ ကိရိယာများဖြင့် လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ ညစ်ညမ်းရုပ်ပုံစာပေများကို ကြည့်ရှုရန် သို့မဟုတ် ပါဝင်စေရန်ခိုင်းစေခြင်း၊ အတင်းအကျပ် ပြည့်တန်ဆာလုပ်ခြင်း၊ ကျူးလွန်သူ၏ သူငယ်ချင်းများနှင့် လိင်ဆက်ဆံစေခြင်း စသည်တို့ ပါဝင်နိုင်သည်။

**အကြမ်းဖက်မှုဖြစ်ပွားရသည့် အကြောင်းရင်းများ**

လူမှုရေးပြဿနာတစ်ရပ်ကို ဖြေရှင်းရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ထိုပြဿနာဖြစ်ပွားရသည့်အကြောင်းရင်းများကို သိရှိနားလည်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်သော အကြောင်းတရားများ များစွာရှိနိုင်ပါသည်။ အကြမ်းဖက်မှုဖြစ်စေသည့် အကြောင်းရင်းများကို သီအိုရီအမျိုးမျိုးဖြင့် ဆန်းစစ်ထားသော်လည်း နောက်ဆုံးတွင် အမျိုးသားနှင့် အမျိုးသမီးကြား ပါဝါမညီမျှမှုမှာ ဘုံပြဿနာအဖြစ် ကျန်ရှိသည်။

သုတေသနပြုချက်များအရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပွားရသည့် အကြောင်းတရားများတွင် လူသားတို့၏ ဆင့်ကဲဖြစ်စဉ်၊ ဇီဝကမ္မဗေဒနှင့် အာရုံကြောဇီဝကမ္မဗေဒ၊ အရက်တို့သည် အဓိကအကြောင်းရင်းများဟု ဖော်ပြကြသည်။

လူသားတို့၏ ဆင့်ကဲဖြစ်စဉ်ရှုထောင့်မှကြည့်လျှင် လိင်ပိုင်းဆိုင်ရာအပြုအမူများ၏ ရည်မှန်းချက်သည် မျိုးပွားရန် ရှင်သန်မည့်၊ သားစဉ်မြေးဆက်များ ရရှိနိုင်မည့် အခွင့်အလမ်းများကို အမြင့်ဆုံး ထုတ်ပေးခြင်းလည်းပါဝင်သည်။ ထို့ကြောင့် လူသားအပါအဝင် ဖိုသတ္တဝါတစ်ဦးသည် မသတ္တဝါအများကို မျိုးပွားရန် ဆောင်ရွက်ကြသည်ကို တွေ့ရှိနိုင်သည်။ လေ့လာမှုများစွာအရ အရွယ်ရောက်ပြီးသူ အမျိုးသားများသည် လက်တွဲဖော်မျိုးစုံကို စိတ်ဝင်စားကြပြီး ရေရှည်ဆက်ဆံရေးကို စိတ်ဝင်စားမှုနည်းပါးကာ အရွယ်ရောက်ပြီးသူ အမျိုးသမီးများထက် ကိုယ်ရေးကိုယ်တာ လိင်ဆက်ဆံလိုစိတ်ပိုများကြောင်း လေ့လာမှုများစွာက ပြသခဲ့သည်။ ထိုစိတ်ကြောင့်ပင် အိမ်တွင်းရေးပြဿနာများဖြစ်ကြလေ့ရှိပြီး အိမ်တွင်းအကြမ်းဖက်မှုများကို ဖြစ်ပွားစေသည်ဟု ဆိုကြသည်။

အကြမ်းဖက်မှုနှင့် ရန်လိုမှုတို့သည် ဇီဝကမ္မဆိုင်ရာ သို့မဟုတ် အာရုံကြောဇီဝကမ္မဆိုင်ရာဆက်နွှယ်မှုဖြစ်သည့် Testosterone အစရှိသော စတီးရွိုက်ဟော်မုန်းများ၏ လုပ်ဆောင်မှုကြောင့်ဖြစ်သည်ဟုလည်း သုတေသနများက ဖော်ပြကြသည်။ ဟော်မုန်း၊ အာရုံခံစားမှုပို့လွှတ်ခြင်းများနှင့် အာရုံကြောဆိုင်ရာ ဇီဝကမ္မဖြစ်စဉ်များ၏ ပြောင်းလဲမှုများသည် ကြမ်းတမ်းစွာ ပြုမူခြင်း သို့မဟုတ် ကြမ်းတမ်းစွာ ပြုမူခံရခြင်းများ၏ အကျိုးဆက်များဖြစ်သည့်အပြင် ထိုအပြုအမူများ၏ အကြောင်းရင်းများလည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၏ အကြောင်းရင်းတစ်ခုမှာ အရက်ဖြစ်သည်။ အရက်ဟုဆိုရာတွင် အရက်အလွန်အကျွံသောက်သုံးခြင်းကိုဆိုလိုပါသည်။ အရက်နှင့် အကြမ်းဖက်မှု၏ ဆက်နွှယ်မှုသည် ဇီဝကမ္မ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာအချက်များပါဝင်သည့် ရှုပ်ထွေးမှုတစ်ခုဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

သုတေသနပြုချက်များအရ အရက်အလွန်အကျွံ သောက်ခြင်းသည် ပြင်းထန်သောအပြုအမူများ ဖြစ်ပွားခြင်း၊ ရင်းနှီးသောအဖော်နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်ပွားလေ့ရှိခြင်းတို့နှင့် ဆက်စပ်နေကြောင်း စဉ်ဆက်မပြတ်တွေ့ရှိခဲ့သည်။ သို့သော်လည်း အရက်သည် အကြမ်းဖက်မှုနှင့် မည်ကဲ့သို့ဆက်စပ်နေသည်ဆိုသည်ကိုမူ အတိအကျ မသိရသေးပေ။ အဘယ့်ကြောင့်ဆိုသော် အရက်သောက်မထားသော်လည်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ အများအပြားဖြစ်ပွားလေ့ရှိပြီး အရက်သောက်ထားသည့်တိုင် ရက်စက်ကြမ်းကြုတ်သော အပြုအမူများမရှိသူများမှာလည်း အများအပြားရှိနေခြင်းကြောင့် ဖြစ်ပါသည်။

**ကိုဗစ်-၁၉ နှင့်အိမ်တွင်းအကြမ်းဖက်မှု**

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် နိုင်ငံများစွာကို အလုံပိတ် အခြေအနေသို့ ကျရောက်သွားစေခဲ့သည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် သွားလာလှုပ်ရှားမှုကို ကန့်သတ်ထားသောကြောင့် ကိုဗစ်-၁၉ အပြင် အခြေအနေ အရပ်ရပ်က နေရာတိုင်းနီးပါးတွင် လူတို့၏ရှင်သန်မှုကို စိန်ခေါ်ခဲ့သည်။ တံခါးများပိတ်ပြီး အထီးကျန်မှုစတင်လာသည်နှင့်အမျှ အမျိုးသမီးများနှင့်မိန်းကလေးငယ်များအပေါ် အိမ်တွင်းအကြမ်းဖက်မှုများသည် ကပ်ရောဂါနှင့်အပြိုင် မြင့်တက်လာခဲ့သည်။ အိမ်ထဲတွင် နေရသည့်အချိန်များ များလာသည့်အခါတွင် ဝင်ငွေဆိုင်ရာ ထိခိုက်မှုကို အနည်းနှင့်အများခံလာရသည်။ ကပ်ရောဂါ ကူးစက်ခံရမှု၊ ကူးစက်မခံရလျှင်ပင် ကူးစက်ခံရမည်ကို စိုးရိမ်ပူပန်ရမှု အစရှိသဖြင့် ပူပန်စရာများ များလာသည်။ ထိုသို့သောအခြေအနေ၏နောက်ကွယ်တွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိလာတတ်ပြီး အကြမ်းဖက်မှုများလည်း ဖြစ်ပွားလာမည်ဖြစ်ပါသည်။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကပ်ရောဂါသည် အသစ်အဆန်းမဟုတ်ပါ။ ကိုဗစ်-၁၉ မဖြစ်ပွားမီကပင် တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနှင့်ပြီးဖြစ်သည်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးများနှင့် မိန်းကလေးပေါင်း ၂၄၃ သန်းသည် ပြီးခဲ့သောနှစ်အတွင်း ၎င်းတို့၏ ရင်းနှီးသောလက်တွဲဖော်များ၏ စော်ကားခြင်းကိုခံခဲ့ရသည်။ ထောက်ပံ့ရေးဝန်ဆောင်မှုများ ရပ်တန့်သွားကာ အကူအညီရယူရန် ပိုမိုခက်ခဲလာသည်နှင့်အမျှ ကိုဗစ်-၁၉ ကူးစက်ရောဂါသည် အကြမ်းဖက်မှုကို ပိုမိုပြင်းထန်လာစေသကဲ့သို့ ဖြစ်ခဲ့သည်။ ကိုဗစ်-၁၉ ကာလတွင် နိုင်ငံတိုင်းလိုလို၌ အကြမ်းဖက်မှုများ မြင့်တက်လာသည်ကို ကိန်းဂဏန်းများအရ သိရှိနိုင်ပါသည်။ ထို့ကြောင့် "ကပ်ရောဂါ နှစ်ဆ" (Double Pandemic ) ဟုပင် ဆိုကြသည်။

**မြန်မာနိုင်ငံနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်ကစ၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အခမ်းအနားများကို ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ လူဦးရေ၏ ၅၁ ဒသမ ၈၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။ ထက်ဝက်ကျော်မကသော အမျိုးသမီးထုကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းမှ ကာကွယ်ပေးခြင်းများသည် နိုင်ငံသားများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ခြင်း၊ နိုင်ငံသားများအားလုံးကို အကာအကွယ်ပေးခြင်းများ ဆောင်ရွက်ရာတွင် သက်ရောက်မှုရှိသည်။ မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံအမျိုးသမီးကော်မတီ၊ ကလေးသူငယ်အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံလည်း ဖြစ်သည်။ အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းအစီအစဉ်တွင်လည်း ကျန်အာဆီယံနိုင်ငံများနည်းတူ ပါဝင် အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီသည် အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်သည့် လုပ်ငန်းများကို မူဝါဒ(၄)ရပ်၊ လုပ်ငန်းတာဝန် (၁၂)ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို ကျား၊ မရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် လုပ်ငန်းစီမံချက်လည်း ရေးဆွဲပြီးဖြစ်သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို သတင်းပို့တိုင်ကြားနိုင်ရန်အတွက် ၂၄ နာရီ Help Line ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်ကပင် စတင် ထူထောင်ထားရှိခဲ့ပြီးဖြစ်သည်။ အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင်ခရီးစရိတ်နှင့် အသက်မွေးဝမ်းကျောင်းစရိတ်များ ထောက်ပံ့ပေးခြင်း၊ လုံခြုံရေးအတွက် နားခိုရာ နေရာများ စီစဉ်ပေးခြင်း၊ အခြားသော ဝန်ဆောင်မှုများရရှိနိုင်ရေး ညွှန်းပို့ချိတ်ဆက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ လွိုင်ကော်နှင့် မုံရွာမြို့တို့တွင် One Stop Women Support Center များ ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုများပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု စနစ်ကို အသုံးပြုပြီး လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ (Case Manager) ၂၅၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိကာလတွင် ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ပြည်သူများအနေဖြင့် အိမ်တွင်းနေထိုင်ရသောအချိန် ပိုမိုများပြားလာသည့်အတွက် မိသားစုနွေးထွေးမှုကို ပိုမိုဖန်တီးနိုင်ကြသကဲ့သို့ တစ်ဖက်တွင်လည်း စားဝတ်နေရေးအပါအဝင် အခြားသော အခက်အခဲများကြောင့် စိတ်ဖိစီးမှုများ ခံစားနေကြရသည်။

လက်ရှိအခြေအနေများတွင် အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာနိုင်သည်ဟု မှန်းဆရပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက အထောက်အထားအချက်အလက်များ ရှာဖွေစုဆောင်းကြရန် လိုအပ်သည်။ သုတေသနရလဒ်များ ထွက်ပေါ်လာပါက ပိုမိုတိကျစွာ သိရှိနိုင်မည်ဖြစ်ပြီး တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေများ ပိုမိုထောက်ပံ့ပေးရန်၊ ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများရရှိနိုင်ရန်၊ တားဆီးကာကွယ်ရန်နှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် အထောက်အထားများအဖြစ် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်များကောက်ယူရန် ဆောင်ရွက်သွားသင့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မှန်ကန်သည့် အချက်အလက်များရရှိရန်နှင့် လိုအပ်ချက်များဖော်ထုတ်နိုင်ရန် ပူးပေါင်းအကောင်အထည်ဖော်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ကျား၊ မ တန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရေး၊ ကျား၊မရေးရာ အခြေပြု အကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရေး စသည်တို့နှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မူဝါဒများ၊ လုပ်ငန်းစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ဥပဒေရေးရာကဏ္ဍအနေဖြင့်လည်း ရှိရင်းစွဲဥပဒေများကို ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါက ပြန်လည်ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန် အလွန်အရေးကြီးလှသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဥပဒေကြောင်းအရ ပိုမိုကာကွယ်ပေးနိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို ရေးဆွဲထားရှိပြီး ဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရန် ပြည်သူလူထုကို ဗဟိုပြုပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည်။ ကျား၊ မဆိုင်ရာ တန်းတူညီမျှမှုအတွက် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်လည်း ပြည်ထောင်စု သဘောတူစာချုပ် နိုင်ငံရေးကဏ္ဍ အခြေခံမူသဘောတူညီချက်တွင် ထည့်သွင်းထားရှိပြီးဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများဘက်မှလည်း စွမ်းဆောင်ရည်မြှင့်တင်ရေးမှာ အရေးကြီးလှသည်။ နယ်စပ်ဒေသများမှ တိုင်းရင်းသားအမျိုးသမီးများပါမကျန် အမျိုးသမီးများအားလုံး သာတူညီမျှဖွံ့ဖြိုးတိုးတက်မှု ခံစားရရှိစေရေးအတွက် အားလုံး ပူးပေါင်းကာ ယခုထက်ပိုမိုပြီး တိုးမြှင့်ဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

**မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး**

မြန်မာ့ယဉ်ကျေးမှုတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမရှိစေရေးအတွက် အစဉ်အလာအားဖြင့် သတ်မှတ်ထားရှိခဲ့ပြီးဖြစ်သည်။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဒီဃနိကာယ်၊ သိင်္ဂါလသုတ်ကို သင်္ဂဇာဆရာတော်ကြီးရေးဖွဲ့တော်မူခဲ့သည့် သိင်္ဂါလောဝါဒပျို့တွင် ဇနီးနှင့်ခင်ပွန်းတို့ လိုက်နာကျင့်ကြံအပ်သည့် အကြောင်းများကို ကျင့်ဝတ်များအဖြစ် ဖော်ပြပါရှိသည်။ ခင်ပွန်းများလိုက်နာသင့်သည့် အချက်များအဖြစ် "မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင့်ကျင့်ရာ" ဟူ၍ ဖော်ပြထားသည်။ ဆိုလိုသည်မှာ ခင်ပွန်းဖြစ်သူသည်

- မိမိ၏ အိမ်သူဇနီးကို မထီမဲ့မြင်မလုပ်ရပါ။
- ရှာဖွေရရှိလာသော ငွေကြေးဥစ္စာများကို ဇနီးထံသို့ယုံကြည်စွာ အပ်နှံထားသင့်သည်။
- မိမိဇနီးမှတစ်ပါး အခြားတစ်ပါးသော အမျိုးသမီးများနှင့် ဖောက်ပြားခြင်း မပြုရပါ။
- အခါအားလျော်စွာ ဇနီးအတွက် အဝတ်အစားအဆင်တန်ဆာများ ဝယ်ယူဆင်မြန်းပေးရမည်။
- မိမိဇနီးကို ချစ်ခင်မြတ်နိုးစွာ ကြင်ကြင်နာနာ ပြောဆိုပြုမူဆက်ဆံရမည်ဟု ဖြစ်ပါသည်။

ထို့အတူ ဇနီးများလိုက်နာသင့်သည့် အချက်များအဖြစ် "အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်ရာ" ဟူ၍လည်း ဖော်ပြထားခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ

- ဇနီးဖြစ်သူသည် အိမ်မှုကိစ္စများကို ကျေပွန်အောင် ဆောင်ရွက်ရမည်။
- ခင်ပွန်းဖြစ်သူ ရှာဖွေစုဆောင်းရရှိသဖြင့် အပ်နှံလာသော ငွေကြေးဥစ္စာများကို မပျောက်ပျက်၊ မပျက်စီးစေရန် ထိန်းသိမ်းရမည်။
- မိမိခင်ပွန်းဖြစ်သူမှတစ်ပါး အခြားတစ်ပါးသောယောက်ျားများနှင့် ဖောက်ပြားခြင်း မပြုသင့်ပါ။
- သူ့ဘက်၊ ကိုယ့်ဘက်ဆွေမျိုးဉာတကာတို့ကို မျှမျှတတ ပေးကမ်းထောက်ပံ့သင့်သည်။
- မိသားစုကိစ္စ၊ အိမ်မှုကိစ္စများဆောင်ရွက်ရာတွင် ပျင်းရိမနေဘဲ လုပ်ဆောင်သင့်သည်ဟု ဆိုလိုပါသည်။

ဖော်ပြခဲ့သော အဆုံးအမများသည် လိုက်နာဆောင်ရွက်နိုင်မည်ဆိုပါလျှင် မြန်မာ့လူဘောင်အတွက်သာမက အားလုံးအတွက်ပါ လျော်ကန်သင့်မြတ်သော ကျင့်ဝတ်များဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အမှန်ဆိုရပါလျှင် အများစုမှာ မြတ်စွာဘုရား၏ ဒေသနာတော်ကို သတိမမူမိဘဲ အပျော်အပြက်ဖြင့် "မယားနေစ၊ ကြောင်သေမှ" "လင်နေစ၊ ဆင်သေမှ" "အရိုးကွဲမှ အသည်းစွဲအောင်ချစ်" စသည်ဖြင့် ပြောဆိုနေကြသည်က များလှပေသည်။ စင်စစ်အားဖြင့်မူ မြန်မာ့လူမှုပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ခါးသီးစွာ ဆန့်ကျင်ပြီး ထိုသို့သောအဖြစ်အပျက်များမဖြစ်ပေါ်စေရန်အတွက် ရှေးပဝေသဏီကပင် တားဆီးကာကွယ်ထားခဲ့သည်ဟု ဆိုနိုင်ပါသည်။

**အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့**

ကမ္ဘာတစ်ဝန်းရှိ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို တုံ့ပြန်ရန်နှင့် တားဆီးရန်အတွက် ဥပဒေများနှင့်ဝန်ဆောင်မှုများ မြှင့်တင်ရန် အစိုးရများကို စည်းရုံးခြင်းမှသည် ခွဲခြားဆက်ဆံမှုဆိုင်ရာသဘောထားများနှင့် အပြုအမူများကို ပြောင်းလဲရန်အတွက် လူမှုအသိုင်းအဝိုင်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းများအထိ လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်သဖြင့် ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပြဿနာကို မီးမောင်းထိုးပြထားသောကြောင့် ၁၆ ရက်တာ လှုပ်ရှားမှုကဲ့သို့ လှုပ်ရှားမှုများသည် အရေးကြီးပါသည်။ ထိုကာလသည် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်များတွင် အများပြည်သူသိရှိစေရေးအတွက် ဖန်တီးရန် အချိန်ကောင်းတစ်ခုဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိ အဖွဲ့အသီးသီးက နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ သုတေသနပေါင်းများစွာ ဆောင်ရွက်ခဲ့ကြသကဲ့သို့ ဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ ဖြစ်ပွားမှုများ၊ ဖြေရှင်းရန် နည်းလမ်းများကိုလည်း ဘက်ပေါင်းစုံထောင့်ပေါင်းစုံမှ မီးမောင်းထိုးပြလျက်ရှိပါသည်။ နည်းလမ်းပေါင်းများစွာကို ခြုံငုံသုံးသပ်သည့်အခါတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို တားဆီးရန် အခြေခံအုတ်မြစ်မှာ ထိရောက်သော တရားဥပဒေစနစ် ဖြစ်သည်ဟု တွေ့ရှိကြရသည်။ ထို့အပြင် ကိုယ်တိုင်အပါအဝင် လူ့ပတ်ဝန်းကျင်တစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပါဝင်ကြရေးသည်လည်း အဓိကကျသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ယဉ်ကျေးသည့် လူ့ပတ်ဝန်းကျင်တွင် မရှိသင့် မရှိအပ်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်သွားစေရန်အတွက် အချိန်ရွှေ့ဆိုင်းမနေသင့်၊ အခြားအကြောင်းများ မပြသင့်တော့ဘဲ ယခုချက်ချင်း စတင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

# ဘေးကင်းလုံခြုံစိတ်ချရသည့် အင်တာနက်ဖြစ်စေရေး Social Media အသုံးပြုမှု အလေ့အကျင့်ကောင်းများဆိုင်ရာ Video Conferencing အလုပ်ရုံဆွေးနွေးပွဲ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ဘေးကင်းလုံခြုံ စိတ်ချရသည့် အင်တာနက်ဖြစ်စေရေး Social Media အသုံးပြုမှုဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ "Workshop on Sharing Best Practices on the Use of Social Media towards a Safe, Secure and Reliable Internet" ကို ယနေ့ မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ Video Conferencing စနစ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ နေပြည်တော်နှင့် ရန်ကုန်ရှိ သက်ဆိုင်ရာနေရာများမှ ပါဝင်တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ချစ်ခင်ရင်းနှီးနိုင်စေရေး၊ အသိပညာများ မျှဝေနိုင်ရေး၊ နိုင်ငံတကာ အတွေ့အကြုံများအား အပြန်အလှန်အထောက်အကူဖြစ်စေရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် Social Media အသုံးပြုမှုဆိုင်ရာ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား ဖလှယ်နိုင်စေရေးတို့နှင့် Social Media ဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ၌ လူမှုကွန်ရက်စာမျက်နှာများတွင် မီဒီယာအသုံးပြုမှုနှင့် အွန်လိုင်းပေါ်တွင် မဟုတ်မမှန်သတင်းများ၊ သတင်းတု၊ သတင်းယောင်များအား တုံ့ပြန်ဖြေရှင်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများမျှဝေခြင်း၊ ထိန်းကျောင်းခြင်း၊ ပြည်သူလူထုပညာပေးခြင်း၊ လူထုဆက်သွယ်ရေးတွင် မီဒီယာနှင့် ထိတွေ့ဆက်ဆံမှု၊ သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများနှင့် ဆက်ဆံရေးဆိုင်ရာများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံချင်းအလိုက် Power Point Presentation ဖြင့် ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံကိုယ်စားပြု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က လက်ရှိမြန်မာနိုင်ငံတွင် Social Media အသုံးပြုမှုအခြေအနေ၊ Social Media ကို အသုံးပြုပြီး သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ အမုန်းစကားပြောဆိုခြင်း၊ မီဒီယာကျင့်ဝတ်များ လိုက်နာရန် ပျက်ကွက်ခြင်း၊ Cyber Bullying ပြုလုပ်ခံရခြင်းနှင့် သတင်းမှားများ ပျံ့နှံ့ခြင်းတို့အပေါ် မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ သတင်းမီဒီယာဥပဒေစသည့် ဥပဒေများမှ ပုဒ်မအချို့ဖြင့် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်းတော်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

**အင်းတော် ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစံတင်ဦးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် အင်းတော်မြို့နယ် ခရမ်းစပ်ကုန်းအုပ်စု မိုးလှိုင်းကုန်းကျေးရွာအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၇ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**လှူအောင်(ကသာ)**

## ဘူးသီးတောင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ဘူးသီးတောင် ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ နတ်ပင်ရင်းလမ်းဆုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံလမ်းဆုံတို့၌ ယနေ့နံနက် ၈ နာရီက ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ရဲတပ်ကြပ်ကြီး ဦးသန်းရွှေ ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ဘူးသီးတောင်မြို့ လူစည်ကားရာနေရာများနှင့် ယာဉ်အသွား/အလာများသော နတ်ပင်ရင်းလမ်းဆုံနှင့် ပြည်သူ့ဆေးရုံလမ်းဆုံတို့တွင် ဖြတ်သန်းသွားလာနေကြသည့် မော်တော်ယာဉ်၊ သုံးဘီးယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာကြရန်၊ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး နှာခေါင်းစည်းတပ်ဆင်ကြရန် ပြည်သူ့အကျိုးပြု အသိပညာပေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ တွန်းဇံမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁၂-၂၀၂၁ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** တောင်ငွေ့ဝေဝေမဲဇာမြေ
**၀၉:၁၅** မျက်မှောက်ရေးရာအမြာမြာ
**၀၉:၄၅** Soccr View
**၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ဝတ်နွံ့ဗေဒ္ဒာ'
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂၄)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီတဲ့ဗေဒ္ဒာများ' (အပိုင်း-၂၅)
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဓာတုဗေဒဘာသာရပ်'
**၁၅:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ငွေရောင်နေ့သစ်များဆီသို့'
**၁၆:၃၀** ဆီးဂိမ်းအမှတ်တရအစီအစဉ် (ဖွင့်ပွဲအကြိုဖျော်ဖြေမှု)
**၁၇:၃၅** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** သုတဝေဖြာသိရှိဂေဟာ
**၁၉:၀၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'တူယှဉ်နွဲပျော် ဂီတပွဲတော်' တေးသီချင်းအဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၃)

သောကြာနေ့ ညပိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** News
**07:27** Global Partnership for Brighter Future: Antigua and Barbuda Pavilion at Expo 2020 Dubai
**07:35** Sone Taw Myaing (Takkatho Lae Lae)
**07:43** Weaving Craft for a living
**08:01** Dances of Myanmar: Mon Farmer Choral Dance
**08:10** Ancient Heritage In Natalin
**08:21** A Snake Catcher
**08:33** The Lives of Stone Slab and Mortar Makers
**08:50** Sticky Shan Snack
**09:01** Family of Toys
**09:21** Mt. Naw Bu Baw
**09:31** Innovative Handiworks Based On The Art Of Line Drawing
**09:50** Sweet Delicacy of Pathein

**MRTV NRC**

**ပအိုဝ်းကချင် (၀၆:၀၀ မှ ၀၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၃)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပင်စိမ်းမျှစ်သုပ်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွားပိုးစားခြင်းအကြောင်း သိကောင်းစရာ
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိပ္ပါယ်များ
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ပိန်းစွယ်ဟင်းမွန်ချက်
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အိမ်မက်ကကြိုးကခုန်သူ
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (အသီးအနှံအခေါ်အဝေါ်များ)
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အမဲစင်းကောချက်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဒေသမှာ အင်ဥရှာထွက်မယ်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေ ခြောက်စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၄၇၀ နှင့် နှာခေါင်းစည်း (Mask)၄၃ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Vitamin-C Tablets ၁၄၄၀၊ Pantoprazole Sodium Gastro Resistant Tablets ၂၉၄၀၊ Levo-cetirizine Dihydrochloride Tablets ၉၅၀၊ Dom-peridone Tablets ၂၉၃၄ ခု၊ Cetirizine Hydrochloride Tablets ၁၉၇၅၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Medical Use Extension Tube ၃၂ ခု၊ Infusion Pump Terum ၁၀၀ ၊ Blood Glucose Test Strip ၃၀၀၀ ၊ Oxygen Cylinder ၄၇၀၊ ဆေးဝါးမျိုးစုံ ၆၇ မျိုး စုစုပေါင်း ၁၉၁၇၇၅ ဒသမ ၁၉ Kg ၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုတို့မှ Mask ၃၉၁၉၀ Kg ၊ Sodium Chloride Inje-ction ၆၀၂၇၀၊ Glucose Injection ၁၃၆၅၀၊ Luquid Oxygen ၁၇ ဒသမ ၇၃ Tor တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၇၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၅၀ ကျပ် | ၁၂၅၀/၁၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၄၀/၁၂၇၀ ကျပ် | ၁၂၇၀/၁၂၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၅၀/၁၂၇၀ ကျပ် | ၁၂၉၅/၁၃၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၀၀/၁၃၃၅ ကျပ် | ၁၄၀၀/၁၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၄ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၂၁၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၇ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၀၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၄၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၅၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၅၃၅ | ၄၅၄၇၅၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၃၉၃၈ | ၁၂၀၀၇၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၁ | ၅၇၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်တရားခံများ လက်နက် / ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ




၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ချမ်းမြသာစည်မြို့နယ် (ဆ-၂) ရပ်ကွက် အမှတ် (၇၆)တွင် တရားခံ အောင်မြင့်မြတ်နှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



ခင်မောင်ထွေး



လင်းလင်း(ခ)ဘေကြီး




ရဲဝင့်ကျော်(ခ)အသေးလေး



အောင်မြင့်မြတ်

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နေ့/ည မပျက် ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၈ ရက်တွင် မဟာအောင်မြေမြို့နယ် စိန်ပန်းအရှေ့ရပ်ကွက်၌ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်လျက်ရှိသူတစ်ဦး ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့မှ သွားရောက်ရှာဖွေခဲ့ရာ ၃၈x၉၀ လမ်း သပြုရပ်စိန်ပန်းအရှေ့ တုန်တုန်စတိုးဆိုင်အနီး၌ **ခင်မောင်ထွေး** (၃၉)နှစ်၊ ဒေးဝင်းအရှေ့ရပ်နေသူကို ၉-မမ ပစ္စတိုတစ်လက်၊ ၄င်းကျည် ၁၄ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



အောက်တိုဘာ ၂၅ ရက်တွင် ပုသိမ်ကြီးမြို့နယ် နတ်စုအနောက်ကျေးရွာ လက်ဖက်ရည်ဆိုင်တွင် မြောက်တံတိုင်းရှည်ကျေးရွာအုပ်စုနေ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် မဟာအောင်မြေမြို့နယ် စိန်ပန်းအရှေ့ရပ်ကွက် ၃၈x၉၀ လမ်းကြားတွင် တရားခံ ခင်မောင်ထွေးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း မှတ်တမ်းဓာတ်ပုံ။



ဇူလိုင် ၃၁ ရက်တွင် ချမ်းမြသာစည်မြို့နယ် တမ္ဗဝတီရပ်ကွက် မြို့ဟောင်းရပ်နေ အပြစ်မဲ့ပြည်သူတစ်ဦး ဓားဖြင့်ထိုးသတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၈ ရက်တွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် အကွက်(၃၅၈)နေ အပြစ်မဲ့ပြည်သူတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဇွန် ၂၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက် ၁၂၆ ဘုရင့်နောင်လမ်းတွင် အပြစ်မဲ့ပြည်သူတစ်ဦး ဓားဖြင့်ထိုးခံရသည့် မှတ်တမ်းဓာတ်ပုံ။

တရားခံ **ခင်မောင်ထွေး**၏ ထွက်ဆိုချက်အရ အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသော **လင်းလင်း (ခ)ဘေကြီး**(၃၇)နှစ်ကို မဟာအောင်မြေမြို့နယ် ညောင်ကုန်းရပ်ကွက်တွင် လည်းကောင်း၊ **ရဲဝင့်ကျော်(ခ)အသေးလေး** (၂၁) နှစ်ကို မဟာအောင်မြေမြို့နယ် အရှေ့ပတ္တားရပ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တရားခံ **ရဲဝင့်ကျော် (ခ) အသေးလေး**၏ ထွက်ဆိုချက်အရ ချမ်းမြသာစည်မြို့နယ် (ဆ-၂) ရပ်ကွက် အိမ်အမှတ်(၇၆)တွင် **အောင်မြင့်မြတ်** (၂၃)နှစ်အား ၉-မမ ပစ္စတိုတစ်လက်၊ ပစ္စတိုကျည်အိမ် သုံးခု၊ ၉-မမ ကျည် ၁၅၀၊ MG-1 လက်ပစ်ဗုံး သုံးလုံး၊ မိုင်းမျိုးစုံ သုံးလုံး၊ လက်လုပ် မိုင်းမျိုးစုံ ၁၇၇ လုံး၊ မီးရှို့စနက်ကြိုး ပေ ၁၀၀၊ ယမ်းကြိုး ပေ ၁၀၀၊ ဒီတိုနေတာ အချောင်း ၂၂၀၊ ကျည်ကာအခံပြား ၅၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် **တရားခံလေးဦး**ကို ၉-မမ ပစ္စတို နှစ်လက်၊ ကျည်အိမ် သုံးခု၊ ၉-မမ ကျည် ၁၆၄ တောင့်၊ လက်ပစ်ဗုံး သုံးလုံး၊ မိုင်းမျိုးစုံ သုံးလုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၇၇ လုံး၊ ဖောက်ခွဲရေးဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်မြင့်မြတ်** ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် **စောဒေးဗစ်**၊ မြောင် PDF အကြမ်းဖက် အဖွဲ့ဝင် ခန့်ဇော်ဦး၊ ကျော်စိုး၊ မြင့်စိုး၊ အားတီ၊ ဖွေးဖွေး(ခ) တင်ဇာခြည်၊ BPO အကြမ်းဖက်အဖွဲ့ဝင် မင်းထက်ဦး၊ ကျော်ဆန်းတို့မှ ပို့ဆောင်ခိုင်းသော လက်နက်/ ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများအား ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ မတ္တရာမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့တွင် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ရန်၊ အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်နှင့် ဖောက်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖမ်းဆီးရန်ကျန် MPO အကြမ်းဖက်အဖွဲ့ဝင် ဘာဘာ၊ သီဟ၊ အမရပူရ PDF အကြမ်းဖက်အဖွဲ့နှင့် မတ္တရာ PDF အကြမ်းဖက်အဖွဲ့တို့ထံ အခကြေးငွေရယူ၍ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ် သိရှိရသည်။

တရားခံ **ခင်မောင်ထွေး** ၏ ထွက်ဆိုချက်အရ **အောင်မြင့်မြတ်**မှ ပို့ဆောင်ခိုင်းသည့် ဖောက်ခွဲရေးပစ္စည်းများအား **လင်းလင်း(ခ) ဘေကြီး**၊ **ရဲဝင့်ကျော်(ခ)အသေးလေး**တို့နှင့်အတူ အကြမ်းဖက်သမားများထံသို့ သွားရောက်ပို့ဆောင်ပေးရပြီး ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် **အောင်မြင့်မြတ်**မှ လိုအပ်သော ငွေကြေးများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် မန္တလေးမြို့အတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများအား ဖမ်းဆီးရန်ကျန် ကိုဖြိုး၊ တရုတ်ကြီး၊ နန်းဦး၊ ရှင်းသန့် တို့လေးဦးမှ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **အောင်မြင့်မြတ်**၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံ သုတအောင်ထံမှ အောက်တိုဘာလတွင် ပစ္စတိုတစ်လက်၊ ပွိုင့် ၃၈၀ တစ်လက်၊ ပေါင်း နှစ်လက်အား ချမ်းအေးသာစံမြို့နယ် မြို့တော်ဥယျာဉ်အနီး တရုတ်ဘုံကျောင်းရှေ့၌ သီဟထံသို့ ၄၉ သိန်းကျပ်ဖြင့် ရောင်းချခဲ့ပြီး ရရှိငွေများအား အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်နေ စောဒေးဗစ်

*စာမျက်နှာ ၂၁ သို့*




နိုဝင်ဘာ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက် ကမ်းနားလမ်းဈေးတွင် လက်လုပ်ဗုံး ပစ်ပေါက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းကောင်းမိသားစုအား အကြမ်းဖက်အဖွဲ့များက ရက်စက်စွာသတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ် မြို့စိုး(တောင်) ကျေးရွာနေ ၁၉၈၉ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ စတင်ကာ မြို့စိုးကျေးရွာအုပ်စုစာရေးအဖြစ် တာဝန်ထမ်းဆောင်သူ ဒေါ်အေးအေးပြုံး အပါအဝင် မိသားစုဝင် သုံးဦးအား ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီခန့်တွင် အကြမ်းဖက်အဖွဲ့များက ရက်စက်စွာ သတ်ဖြတ်ခဲ့ကြောင်း တာဝန်သိ ပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရှိရသည်။

ထိုသို့ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အခြေခံပညာအလယ်တန်းကျောင်းခွဲ (ဘောတုံ) ကျောင်းအုပ်တာဝန် ထမ်းဆောင်သူ ဦးမင်းဇော် (ဘ)ဦးထွန်းစိန် အသက်(၅၂)နှစ်၊ ဇနီးဖြစ်သူ မြို့စိုးကျေးရွာအုပ်စုစာရေး ဒေါ်အေးအေးပြုံး(ဘ)ဦးရွှေလှိုင် အသက်(၅၄)နှစ်နှင့် သမီးဖြစ်သူ အခြေခံပညာ မူလတန်းကျောင်း (မကျီးကုန်း)တွင် မူလတန်းပြတာဝန်ထမ်းဆောင်သူ ဒေါ်အေးသူဇာ (ဘ)ဦးမင်းဇော် အသက်(၂၇)နှစ်တို့ကို ပုဆစ်တုပ်အနေအထားဖြင့် လည်ဂုပ်များ၌ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အား အသေးစိတ်စစ်ဆေးခဲ့ရာ မိသားစုဝင် သုံးဦးသည် နေအိမ်၌ အိပ်ပျော်နေစဉ် နံနက် ၄



သေဆုံးသူ ဦးမင်းဇော်၏ မှတ်တမ်းဓာတ်ပုံ။



သေဆုံးသူ ဒေါ်အေးအေးပြုံး၏ မှတ်တမ်းဓာတ်ပုံ။



သေဆုံးသူ အေးသူဇာ၏ မှတ်တမ်းဓာတ်ပုံ။

နာရီခွဲခန့်တွင် အကြမ်းဖက်သူ ၃၀ ခန့်က သေနတ်နှင့် ဓားများကိုင်ဆောင်၍ ရောက်ရှိလာပြီး CDM ပြုလုပ်ခြင်းမရှိသဖြင့် ဒလန်ဟု စွပ်စွဲကာ မိသားစုဝင် သုံးဦးကို နေအိမ်ရှေ့၌ ဒူးထောက်ထိုင်ခိုင်း၍ ဓားဖြင့် ခုတ်သတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဖခင်၊ သမီးတို့မှာ ပညာရေးဝန်ထမ်းနှင့် မိခင်ဖြစ်သူမှာ ကျေးရွာအုပ်စုစာရေးများဖြစ်ပြီး Non CDM သမားများဖြစ်ကာ နိုင်ငံ့တာဝန်များအား အစိုးရအဆက်ဆက် ရိုးသားစွာ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့သော်လည်း CDM မပါခြင်းကြောင့် "ငါနှင့်မတူ ငါ့ရန်သူ" ဟု သတ်မှတ်၍ လူမဆန်စွာ ဒူးထောက်လျက် ရက်ရက်စက်စက် လည်ပင်းအား ဓားဖြင့် မသေမချင်းခုတ်ထစ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းကောင်း မိသားစုအပေါ် လူမဆန်စွာ သတ်ဖြတ်ခဲ့ခြင်းအပေါ် ဆွေမျိုးအသိုင်းအဝိုင်းကလည်း "ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ" ကြောင်း ကြွေးကြော်လျက် လူသားစိတ်ကင်းမဲ့ပြီး ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို မြေလှန်ရှာဖွေကာ ဖမ်းဆီးဖော်ထုတ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ လူမဆန်သည့် အကြမ်းဖက်သမားများ၏ သတင်းရရှိပါကလည်း တိုင်တန်းသတင်းပေးပို့ရေး ဆွေမျိုးအသိုင်းအဝိုင်းများက ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ အကူအညီတောင်းခံထားကြောင်း သိရှိရသည်။

နိုင်ငံ့တာဝန်များကို အစိုးရအဆက်ဆက် ရိုးသားစွာ တာဝန်ကျေပွန်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းကောင်း မိသားစုများကို ယခုကဲ့သို့ ရက်စက်စွာ သတ်ဖြတ်ခဲ့ကြသည့် အကြမ်းဖက်အဖွဲ့များကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးရှာဖွေလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများ ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအသိပေးထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၂၀ မှ*

ထံတွင် အပ်နှံထားခဲ့ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံ ကိုသဲထံမှ ဩဂုတ်လအတွင်း လက်လုပ်ချိန်ကိုက်မိုင်း ခုနစ်လုံး ရရှိခဲ့ပြီး လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံး စမ်းသပ်ဖောက်ခွဲ၍ လေးလုံးကို **ခင်မောင်ထွေး**ထံသို့ လည်းကောင်း၊ ကျန် နှစ်လုံးကို Speed ထံသို့ လည်းကောင်း ပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



စက်တင်ဘာ ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက် ကညနရုံးတွင် လက်လုပ်ချိန်ကိုက်ဗုံးပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်မှု (၅)ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ကျူးလွန်ခဲ့သော ပြစ်မှုများအနေဖြင့်-

ဇွန် ၂၆ ရက်တွင် **ခင်မောင်ထွေး**သည် ဝင်းအောင်နှင့်အတူ အမရပူရမြို့နယ် တောင်မြို့ရပ်နေ အပြစ်မဲ့ ပြည်သူတစ်ဦးကို ဓားဖြင့် လည်းကောင်း။

ဇူလိုင် ၃၁ ရက်တွင် **ခင်မောင်ထွေး**သည် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်မှကွက် မြို့ဟောင်းရပ်နေ အပြစ်မဲ့ ပြည်သူတစ်ဦးကို ဓားဖြင့် လည်းကောင်း။

အောက်တိုဘာ ၂၅ ရက်တွင် **ခင်မောင်ထွေး၊ အောင်မြင့်မြတ်**နှင့် ပြည့်စုံအောင်တို့ သုံးဦးသည် ပုသိမ်ကြီးမြို့နယ် မြောက်တံတိုင်းရှည်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၅ ရက်တွင် **ခင်မောင်ထွေး**သည် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၈ ရက်တွင် **ခင်မောင်ထွေး**သည် ကိုသက်၊ ကိုဖြိုးတို့နှင့်အတူ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ အပြစ်မဲ့ ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



နိုဝင်ဘာ ၅ ရက်တွင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အများပြည်သူ အထိတ်တလန့် ဖြစ်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ခြင်း (၅)ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ကျူးလွန်ခဲ့သော ပြစ်မှုများအနေဖြင့်-

စက်တင်ဘာ ၁၁ ရက်တွင် **ခင်မောင်ထွေး**သည် ကိုသက်ဦးစီးသည့် GZP အကြမ်းဖက်အဖွဲ့ဝင် ခုနစ်ဦးနှင့်အတူ Light Truck ယာဉ်ဖြင့် ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက် ကန်တော်ကြီးပတ်လမ်းတွင် လုံခြုံရေးဆောင်ရွက်နေသည့် လှည့်ကင်း မော်တော်ယာဉ်အား လက်လုပ်ဗုံးဖြင့်လည်းကောင်း။

စက်တင်ဘာ ၂၇ ရက်တွင် **ခင်မောင်ထွေး**နှင့် ကိုဖြိုးတို့ နှစ်ဦးသည် မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက် ကညနရုံးအား လက်လုပ်ချိန်ကိုက်ဗုံးဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၁ ရက်တွင် **ခင်မောင်ထွေး**သည် ကိုသက်၊ ကိုဖြိုးတို့နှင့်အတူ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက် ရစဖရုံးတွင် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို လက်နက်ငယ်ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၄ ရက်တွင် **ခင်မောင်ထွေး**သည် ကိုသက်၊ ကိုဖြိုးတို့နှင့်အတူ မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်တွင် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်ပေါ်သို့ လက်လုပ်ဗုံးဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၇ ရက်တွင် **ခင်မောင်ထွေး**၊ ကိုသက်၊ ကိုဖြိုးတို့ သုံးဦးသည် မဟာအောင်မြေမြို့နယ် ကုန်စိမ်းဈေးအနီး၌ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်အား လက်လုပ်ဗုံးဖြင့်လည်းကောင်း ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ မန္တလေးမြို့အတွင်း အကြမ်းဖက် ဖောက်ခွဲရေးနှင့် လုပ်ကြံ သတ်ဖြတ်မှုများအား ဆောင်ရွက်နိုင်ရေး BPO အကြမ်း



နိုဝင်ဘာ ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်၌ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ရာမှ ပေါက်ကွဲမှုဖြစ်ပွား၍ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဖက် အဖွဲ့ခေါင်းဆောင် မင်းထက်ဦးမှ အဓိကစေခိုင်းခြင်း ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေး အောင်မြေသာစံမြို့နယ်နေ ဖြူပြာကိုမှ ငွေကျပ် ၃၅၀၀၀၀ နှင့် သံဘောစေ့ ၁၀၀ ပါ (၁၀)ဘူး (၄ ဖာ)၊ အောင်မြင့်မြတ်၏ဖခင် ကျော်ဦးမှ ငွေကျပ် ၂ သိန်း၊ ပြည်ပနိုင်ငံများရှိ အစွန်းရောက် NLD ပါတီ ထောက်ခံသူများနှင့် အဖွဲ့အစည်းအချို့မှ လိုအပ်သော ငွေကြေးများ ထောက်ပံ့ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည် ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ချမ်းအေးသာစံမြို့နယ်အတွင်း Silence Strike Campaign ပြုလုပ်ရန် ပြင်ဆင်နေသူကို လက်လုပ်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် ၃၀x၆၃ လမ်းထောင့်၌ လုံခြုံရေးပူးပေါင်းအဖွဲ့မှ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် **ခိုင်ဇင်ဖူး**(၂၀) နှစ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ Silence Strike Campaign ပြုလုပ်ရန် လှုံ့ဆော်ရေးသားထားသည့် လက်ကမ်းစာစောင်များနှင့် ပိတ်စတစ်ခုတို့ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းနေထိုင်သည့် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် ရေနီမြောင်းလမ်းသွယ်ရှိ နေအိမ်အား ထပ်မံရှာဖွေခဲ့ရာ လက်လုပ်မိုင်းမျိုးစုံ အလုံး ၁၀၀၊ ယမ်းကြိုး ၃၃ ခု၊ ဒိုင်းကာ အခု ၃၀၊ ကျည်ကာအင်္ကျီ သုံးထည်၊ ခွပ်ဒေါင်းပုံပါ ဗကသ အလံ တစ်ခု၊ ဆေးပစ္စည်းမျိုးစုံနှင့် ဆန္ဒပြရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။




ချမ်းအေးသာစံမြို့နယ်အတွင်း Silence Strike Campaign ပြုလုပ်ရန် ပြင်ဆင်နေသူအား လက်လုပ်မိုင်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

တရားခံ **ခိုင်ဇင်ဖူး** ၏ ထွက်ဆိုချက်အရ မန္တလေးမြို့အတွင်း ဆူပူဆန္ဒပြခြင်းများ အဓိကဦးဆောင်သူမှာ ဖမ်းဆီးရန်ကျန် တရားခံ အစွန်းရောက် NLD ပါတီဝင် **သူရအောင်** ဖြစ်ပြီး ၎င်းမှ ဆန္ဒပြသူများ စုစည်းနေထိုင်ရန်အတွက် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ရေနီမြောင်းလမ်းသွယ်ရှိ နေအိမ်အား ငှားရမ်းထားခြင်းဖြစ်ပြီး အဆိုပါနေအိမ်တွင် ဖမ်းဆီးရန်ကျန် **လှလှ**၊ **ဝင့်ဝါ**၊ **ငြိမ်းချမ်းပြည့်စုံ**၊ **ဟိန်းမင်းဇော်** နှင့် **စိုးလင်းအောင်** တို့ ခြောက်ဦး စုစည်းနေထိုင်၍ မန္တလေးမြို့တွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရေး လိုက်လံဆောင်ရွက်ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ခိုင်ဇင်ဖူး** ၏ ထွက်ဆိုချက်အရ မန္တလေးမြို့အတွင်း ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် ဆိုင်းဘုတ်များ၊ ပိုစတာများအား **ဟိန်းမင်းဇော်** မှ ပိတ်စများ ဝယ်ပေးပြီး အဆိုပါနေအိမ်၌ ဆေးပင်/မှုတ်ဆေးများအသုံးပြု၍ ရေးသားပြုလုပ်ကြောင်း၊ ဆူပူဆန္ဒပြရာတွင် အသုံးပြုမည့် လိုအပ်သည့်ပစ္စည်းများ၊ ဆန္ဒပြလိုက်ပါသူများ၏ စားဝတ်နေရေးအတွက် ငွေကြေးအား **သူရအောင်** မှ အဓိကထောက်ပံ့၍ စေခိုင်းလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် **သူရအောင်** ၏ စေခိုင်းချက်အရ ဒီဇင်ဘာ ၁၀ ရက်တွင် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်၊ နိုင်ငံတကာမှ မြန်မာနိုင်ငံအတွင်း အုပ်ချုပ်မှုယန္တရား ပျက်ပြားနေသည်ဟု အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ Silence Strike Campaign ပြုလုပ်ရန်နှင့် အဆိုပါနေ့ရက်တွင် ပုံမှန်သွားလာလျက်ရှိသော အများပြည်သူများကို ပူးပေါင်းဆောင်ရွက်ခြင်း မရှိသူများအဖြစ် သတ်မှတ်ကာ ထိခိုက်ဒဏ်ရာ ရရှိစေရန်အတွက် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဖမ်းဆီးရမိတရားခံအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် ထိခိုက်ဒဏ်ရာရရှိစေရန် အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**



ချမ်းအေးသာစံမြို့နယ်အတွင်း Silence Strike Campaign ပြုလုပ်ရန် ပြင်ဆင်နေသူအား လက်လုပ်မိုင်းများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။




# ထန်တလန်မြို့ အမှတ် (၂)ရပ်ကွက်အတွင်းရှိ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့မှုများ ထပ်မံလုပ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ချင်းပြည်နယ် ထန်တလန်မြို့ မြို့မရဲစခန်းအနီးသို့ ဒီဇင်ဘာ ၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် အကြမ်းသမားအင်အား ၃၀ ခန့်က အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ချဉ်းကပ်လာရာမှ အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ညနေ ၅ နာရီ ၁၀ မိနစ်တွင် အကြမ်းဖက်သမားများသည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများသည် အမှတ်(၂) ရပ်ကွက်အတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ခြင်းကြောင့် ညနေ ၆ နာရီ ၁၅ မိနစ်မှ ယနေ့ နံနက် ၁ နာရီ ၅ မိနစ်အထိ ရပ်ကွက်အတွင်း မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားရာနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၈ နာရီခွဲခန့်တွင် သွားရောက်စစ်ဆေးခဲ့ရာ ပျဉ်ခင်း၊ သွပ်ကာ၊သွပ်မိုး ၁ ထပ်နေအိမ် ရှစ်လုံး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး ၁ ထပ်နေအိမ် နှစ်လုံးနှင့် ပျဉ်ခင်း၊ သွပ်ကာ၊ သွပ်မိုး ၂ ထပ်နေအိမ် သုံးလုံး စုစုပေါင်း နေအိမ် ၁၃ လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၂၀၀ ခန့်) မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ နေရာဒေသအချို့၌ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လုပ်ကိုင်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ထန်တလန်မြို့ အမှတ်(၂) ရပ်ကွက်ရှိ နေအိမ်လုံး ၃၀၊ ၆ ခန်းတွဲ ဈေးဆိုင်ခန်း တစ်လုံးနှင့် ဘုရားရှိခိုးကျောင်း တစ်ကျောင်းကို နိုဝင်ဘာ ၂၄ ရက်တွင် လည်းကောင်း၊ အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းအနီးရှိ နေအိမ်အလုံး ၇၀ ခန့်နှင့် ဘုရားရှိခိုးကျောင်း နှစ်ကျောင်းကို အောက်တိုဘာ ၂၉ ရက်တွင်လည်းကောင်း မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့သည်။

အကြမ်းဖက်သမားများက ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို မကြာခဏ ကျူးလွန်လုပ်ဆောင်၍ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု မရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိသဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၁-၂၀၂၂)ဘဏ္ဍာရေးနှစ်၊ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သည့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု-ဆေးပစ္စည်းများ**

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၁၂-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၁-၂၀၂၂ရက်(ကြာသပတေးနေ့)ညနေ ၄နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်**- ၁၁-၁-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ်(၄၄)၊ ၃ လွှာ/A၊ အကျယ်အဝန်း ၁၆ ပေx ၆၅ ပေရှိ ရေမီးစုံတိုက်ခန်း တစ်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအေးမင်းဇော်(ခ)ပိုင်စိုးခန့် ၁၂/အလန (နိုင်)၀၄၄၆၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ် ၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကို၁ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပန်းဘဲတန်းမြို့နယ်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) (ယခင်)မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက် | နှင့် | ဦးတိုးဝေလွင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၄ ရပ်ကွက်၊ ၁၀ လမ်း(အေ)၊ အမှတ်(၁၈)၊ အခန်း(၂၀၃)နေ တရားပြိုင်ဦးတိုးဝေလွင် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဘဏ်မှချေးယူထားသော ဝန်ထမ်းချေးငွေ ဘဏ်ပိုင် လုပ်ငန်းသုံးပစ္စည်းများနှင့် ဝန်ထမ်းကတိစာချုပ် လျော်ကြေးငွေ ၂,၀၂၈,၇၁၀ ကျပ် ၃၈ ပြားရလိုမှု(ဒီကရီ)"တို့အရ တရားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေး သားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ကြည်ခင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပန်းဘဲတန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၈၄

| | | |
|---|---|---|
| ဦးသန့်ဇော် | နှင့် | ဦးအောင်သိန်းဦး |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အမှတ်(၄၂)၊ ဖရဲငွေတောင်လမ်းနေ ဦးအောင်သိန်းဦး(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးငွေကျပ်သိန်း ၁၇၇သိန်းအား နိုင်ငံတော်မှ သတ်မှတ်ထားသော အတိုးနှင့် ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၈ ရက်(၁၃၈၃ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) နံနက် ၁၀နာရီတွင် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ခုတင် (၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်အတွက် ခုတင် (၅၀၀) အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၏ အခပေးအိမ်သာလုပ်ငန်းကို ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းခြင်းလုပ်ကိုင် ခွင့်ပြုရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အခပေးအိမ်သာငှားရမ်းခြင်းလုပ်ငန်း၏ တင်ဒါစည်းကမ်းအသေးစိတ်အချက် အလက်များသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင် ပါသည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၇-၁၂-၂၀၂၁ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီ

၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၆-၁-၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ

၅။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၁၁-၁-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင် (၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မေယုလမ်းသွယ်၊ အမှတ်(၄၄၃)နေ ဦးမျိုးဇော်အောင် ၁၂/သကတ(နိုင်)၁၄၂၇၆၀၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးမျိုးဇော်အောင်နှင့် ဒေါ်ခင်မို့မို့အေးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၂၉-၅-၂၀၁၄ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ ကြပါသည်။ ထိုနောက်ပိုင်းတွင် ဒေါ်ခင်မို့မို့အေးသည် ခင်ပွန်းဖြစ်သူ ဦးမျိုးဇော်အောင် အား သုံးနှစ်ကျော်သည်အထိ အဆက်အသွယ်ပြုလုပ်ခြင်းမရှိတော့ဘဲ စွန့်ပစ်ခဲ့ပါ သည်။ ထို့ကြောင့် စွန့်ပစ်ခြင်းခံရသူ ဦးမျိုးဇော်အောင်အနေဖြင့် စွန့်ပစ်သူဒေါ်ခင်မို့မို့ အေးနှင့် တရားဝင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါ သောကြောင့် ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း ဒေါ်ခင်မို့မို့အေး ၁၂/သကတ(နိုင်)၁၉၁၅၅၇နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးဇော်အောင်အနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဒေါ်ခင်မို့မို့အေး နှင့် လင်မယားအဖြစ်မှ ပြတ်စဲကြောင်း တရားဝင်ဆန္ဒဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ဒေါ်ခင်မို့မို့အေးနှင့် ပတ်သက်သော ကိစ္စရပ်များသည် ဦးမျိုးဇော် အောင်နှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခွန်အဂ္ဂရာဇ်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၉၀၁)**
**အမှတ် ၃၂၄၊ သီရိမင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၂၂၀၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၃)လမ်း၊ အမှတ်(၉/၁၁)၊ မြေကွက်ပေါ်တွင် (၃)ခန်းတွဲဆောက်လုပ်ထားသော (၈)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ် (ညာထောင့်စွန်းခန်း) ၁၅ ပေxပေ ၆၀ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးလှရွှေ၊ ဦးအောင်ထွန်း၊ ဦးစိန်ထွန်း၊ ဦးကျော်မင်းထွန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အစရှိသည့် အခွင့်အရေးတစ်စုံတစ်ရာရှိကြောင်း၊ ကန့်ကွက်လိုပါလျှင် ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက် အထားစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ ဥပဒေနှင့်ညီညွတ်သော အခြားနည်း လမ်းတစ်ရပ်ရပ်နှင့်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါလျှင် အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဆန်းမြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၅၃၆)**
**အမှတ်(၅၆)၊ (၆ လွှာ/အေ)၊ (၁၃၃)လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၈၈၇၇၇၇၈၄၄၊ ၀၉-၈၈၇၇၇၇၈၅၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာကီ တန်ဖိုးနည်းအိမ်ရာ၊ နွယ်သာကီလမ်း၊ တိုက် B၊ အခန်းအမှတ် ၃၀၄၊ ခြောက်ထပ်တိုက်(၄)လွှာ၊ ခေါင်းရင်းခြမ်းအကျယ်အဝန်း ၁၂ ၁/၂ ပေx ၅၄ ပေ ရှိ ရေမီးစုံတိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက် ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဟန်ဝင်းထွန်း-ဒေါ်ရည်မွန်ဆွေတို့၏ ကိုယ်စား ဦးနိုင်လင်းအောင် ၁၂/ဥကတ (နိုင်)၁၄၇၀၈၉ ထံ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်လို သူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ် ၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်နေနွယ်အောင် ၉/အမရ(နိုင်)၁၁၄၄၈၁ နေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ယုဇနဥယျာဉ်မြို့တော်၊ (၉၄) ရပ်ကွက်၊ စီ ၆ လမ်း၊ တိုက်(၃၁)၊ အခန်း(၁၀၂)တွင် နေထိုင်သူ ဒေါ်နေနွယ်အောင် ၉/အမရ(နိုင်)၁၁၄၄၈၁ တိုက်ခန်းအား ဖောက်ထွင်းခိုးယူမှုဖြစ်ပွားခဲ့၍ ဖောက်ထွင်း ကာ ခိုးယူခံခဲ့ရသည့် ပစ္စည်းများအနက် ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၆)လမ်း၊ တိုက်အမှတ် ၁၄၊ နှစ်ခန်းတွဲ (၅)ထပ်တိုက် ဒုတိယထပ်(ခြေရင်းခန်း)၏ပိုင်ဆိုင်မှုစာချုပ်မူရင်းများ ကိုပါ ခိုးယူခံရသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် မြို့မရဲစခန်း၌ တိုင်ကြားမှု အမှတ်(ပ)၃၀၂/၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်တိုင်ကြားပြီးဖြစ်၍ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော အထက်ဖော်ပြပါတိုက်ခန်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများထား၍ အလွဲသုံးစားပြုခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)**
**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)**
**အမှတ်(၈၂)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## ဒေါ်စန်းစန်းဝင်း ၉/မရမ(နိုင်)၀၁၀၈၀၉ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ (၃)လမ်း၊ အိမ်အမှတ် (၁၁၀)နေ ဒေါ်မေမြတ်သန်းစိုး(ဘ) ဦးဘိုကြီး ၉/မမန(နိုင်) ၀၀၀၁၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ မဟာဇေယျာဘုံရပ်၊ ၂၆ ဘီလမ်း၊ ၅၈ လမ်းအရှေ့၊ အမှတ်(၉၇-ခ)နေ ဒေါ်စန်းစန်းဝင်း(ဘ)ဦးသောင်းမြင့် ၉/မရမ(နိုင်)၀၁၀၈၀၉ နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာပါသည်-

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V)ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၉/ဈ-၁)၊ မြေယာအမှတ်(124-J)၊ မြေဧရိယာ ၀ ဒသမ ၀၉၃ ဧကရှိ မြေမှာ မြို့မြေငှားဂရန်အမှုတွဲအမှတ်(၀၆၆/၂၀၀၈-၂၀၀၉)အရ ဒေါ်မေမြတ်သန်းစိုး အမည်ဖြင့် ယနေ့အချိန်ထိ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အလားတူ ယင်းမြေပေါ်ရှိ အဆောက်အအုံများမှာလည်း ဒေါ်မေမြတ်သန်းစိုးသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါသည်။

၂၀၁၆ ခုနှစ်အတွင်း ဒေါ်မေမြတ်သန်းစိုး၏မောင်ဖြစ်သူ ကိုထက်အောင် မှ အရေးပေါ်ငွေလိုအပ်သဖြင့် ဒေါ်စန်းစန်းဝင်းထံမှ ငွေများချေးငှားရာတွင် ဒေါ်မေမြတ်သန်းစိုးမှ ယင်းအိမ်ခြံမြေ၏အိမ်ဂရန်မူရင်းအား ဒေါ်စန်းစန်းဝင်းသို့ အာမခံအနေဖြင့် ပေးအပ်ခဲ့ရပြီး ပြင်ဦးလွင်မြို့နယ် မြေစာရင်းဦးစီးဌာနတွင် ၂၀-၆-၂၀၁၆ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၅/၂၀၁၆)ကို လွှဲအပ်ပေးခဲ့ပါသည်။ မောင်ဖြစ်သူအနေဖြင့် ဒေါ်စန်းစန်းဝင်းထံမှ ငွေမည်ရွေ့မည်မျှချေးယူခဲ့သည်ကို ထိုစဉ်က ဒေါ်မေမြတ်သန်းစိုး အနေဖြင့် သိရှိခဲ့ခြင်းမရှိပါ။ ထို့အပြင် ဒေါ်စန်းစန်းဝင်း၏တောင်းဆိုချက်အရ စာချုပ်အလွတ်တစ်ခုပေါ်တွင် ဒေါ်မေမြတ်သန်းစိုးမှ လက်ဗွေနှိပ်လက်မှတ်ရေးထိုးပေးခဲ့ရပါသည်။ နောက်ပိုင်းတွင် ကိုထက်အောင်နှင့် ဒေါ်စန်းစန်းဝင်းတို့အကြား ငွေကြေးကိစ္စ ပြေလည်မှုရရှိပြီးဖြစ်ကြောင်း သိရှိရသဖြင့် ၂၀-၆-၂၀၁၆ ရက်စွဲပါ အထူးကိုယ်စားလှယ်စာအား ဒေါ်မေမြတ်သန်းစိုးကိုယ်တိုင် ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်ပါသည်။ နောက်ပိုင်းတွင် ကိုထက်အောင်နှင့် ဒေါ်စန်းစန်းဝင်းတို့အကြား ငွေကြေးအရှုပ်အရှင်းထပ်မံ ဖြစ်ပေါ်သည့် ကိစ္စအပေါ် ဒေါ်မေမြတ်သန်းစိုးအနေဖြင့် သိရှိခဲ့ခြင်းမရှိပါ။ ၂၀၁၈ ခုနှစ်အတွင်း ဒေါ်စန်းစန်းဝင်းကိုယ်တိုင် ကိုထက်အောင်နှင့် ငွေကြေးကိစ္စအရှုပ်အရှင်းထပ်မံဖြစ်ပေါ်ကြောင်း အထူးကိုယ်စားလှယ်လွှဲစာ ထပ်မံလွှဲပေးရန် အကြိမ်ကြိမ် နားပူနားဆာတိုက်ပြီး ပြောဆိုနေသဖြင့် ဒေါ်မေမြတ်သန်းစိုးမှ ခင်ပွန်းမသိအောင် ပြင်ဦးလွင်မြို့မြေစာရင်းဦးစီးဌာနတွင် ၁၄-၃-၂၀၁၈ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၅/၂၀၁၈)အား ထပ်မံလွှဲအပ်ပေးခဲ့ပါသည်။ ပထမအကြိမ်လွှဲပေးသည့် အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းသည့်အချိန်က ဒေါ်စန်းစန်းဝင်းမှ ဒေါ်မေမြတ်သန်းစိုးထံသို့ အိမ်ဂရန်မူရင်းနှင့် အခြားစာရွက်စာတမ်းများကို ပြန်ပေးခဲ့ခြင်းမရှိသေးပါ။ ၎င်းအပြင် ဒေါ်စန်းစန်းဝင်းမှ ရှေ့နေဖြင့် အရောင်းအဝယ်စာချုပ်ထပ်မံ ပြုလုပ်ပေးရန် အကြိမ်ကြိမ် ပြောဆိုခဲ့သော်လည်း အရောင်းကိစ္စမဟုတ်ဘဲ အပေါင်အနှံကိစ္စသာဖြစ်၍ လိုက်လျောပေးနိုင်ခဲ့ခြင်း မရှိပါ။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဒေါ်စန်းစန်းဝင်းတို့မှ ယင်းအိမ်ခြံမြေကို ၎င်းဝယ်ယူပိုင်ဆိုင်ထားကြောင်း ယခင် ဒေါ်မေမြတ်သန်းစိုး လက်မှတ်ရေးထိုးလက်ဗွေနှိပ်ထားသည့်စာချုပ်ပေါ်တွင် အရောင်းအဝယ်စာချုပ်ဖြစ်လေဟန် မမှန်မကန် ဖန်တီးပြီး ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြခဲ့ပါသည်။ ထို့နောက် အိမ်ခြံဝင်းတံခါး(၂)ချပ်အား ၎င်းတို့သော့ဖြင့် ခတ်ပိတ်ဆို့ပြီး ဒေါ်မေမြတ်သန်းစိုးတို့ ဝင်ထွက်သွားလာခွင့်မရအောင် ဆောင်ရွက်ပြုလုပ်ခဲ့သောကြောင့် ဒေါ်မေမြတ်သန်းစိုးအနေဖြင့် ပြင်ဦးလွင်မြို့မရဲစခန်းတွင် ဒေါ်စန်းစန်းဝင်းနှင့် ပါဝင်ကူညီဆောင်ရွက်သူများကို အရေးယူဆောင် ရွက်ပေးရန် အမှုဖွင့်တိုင်တန်းခဲ့ပါသည်။ မတရားရယူထားသည့် ယင်းအိမ်ခြံဝင်းမြေအား လက်ရောက်ပြန်လည်ရယူနိုင်ရေးအတွက် လိုအပ်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်လည်း အသင့်ရှိပါသည်။

ဒေါ်မေမြတ်သန်းစိုးမှ ဒေါ်စန်းစန်းဝင်းထံသို့ လွှဲအပ်ပေးထားခဲ့သည့် ၁၄-၃-၂၀၁၈ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ (၁၁၅/၂၀၁၈)ကိုလည်း ဤသတင်းစာ ကြော်ငြာပါရှိသည့်ရက်တွင် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အသိပေးပါသည်။ ဒေါ်စန်းစန်းဝင်းတို့အနေဖြင့် ဤကြေညာချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဥပဒေမဲ့ အပြုအမူများကို ဆက်လက် ဆောင်ရွက်နေမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်မေမြတ်သန်းစိုး(ဘ)ဦးဘိုကြီး** | **ဒေါ်အေးငြိမ်းငြိမ်းသူ(LL.B)** | **ဦးစည်သူဟန်(LL.B)** |
| **၉/မမန(နိုင်)၀၀၀၁၅၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၇၇)** |
| | **၂၃-၁၂-၂၀၁၄** | **ဖုန်း-၀၉-၄၄၄၀၀၆၉၃၈** |

**အစိုးရကော်ဖီခြံ၊ ရပ်ကွက်ကြီး(၉)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၀၂၆၅၉၉၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂၈

| | | |
|---|---|---|
| ဦးဘုန်းမြင့် | နှင့် | ဦးဝင်းရွှေ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်(၆)နေ တရားပြိုင် ဖြစ်သူ ဦးဝင်းရွှေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဦးဘုန်းမြင့်က ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၃ရက်(၁၃၈၃ခုနှစ် နတ်တော် လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းစာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့် Pearl Condominium တိုက်အမှတ် E, (၁၅ လွှာ)၊ အခန်းအမှတ် (၁၅၀၂)၊ အကျယ်အဝန်း ၁၄၅၀ စတုရန်းပေရှိ ကွန်ဒို တိုက်ခန်းနှင့်တကွ တပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်စန္ဒာမင်း ၁၃/ကလန (နိုင်)၀၁၃၃၅၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာမြိုင်**
**ဖုန်း-၀၉-၇၆၄၀၆၄၀၁၀**

(ဒဂုံမြို့သစ်)
အရှေ့/တောင်ပိုင်း
ဆိပ်ကမ်းရှိမြေကွက်
များ ဝယ်လိုသည်
09-420963466

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၃) ဒသမတန်းတွင် ပညာသင်ကြားနေသော (ဘ)ဦးစံငြိမ်း၏ သမီးဖြစ်သူ မအေးအေးခိုင်၏ မိခင်ဒေါ်သန်းရှင်၏ အမည်မှန်မှာ ဒေါ်တိန်ရင် ၁၀/သဖရ(နိုင်)၂၀၆၂၄၈ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/7188 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

### တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့၊ ရကသ(၁)နေ မောင်ပြည့်စောအောင်၏ ဖခင် ဦးစောထွန်းနိုင်(ခ)စိုးထွန်းနိုင် ၂/လကန(နိုင်)၀၀၅၄၉၄ မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ မြေမိကုန်းရပ်ကွက်နေ မောင်ပြည့် ဖြိုးညီ၏ မိခင် ဒေါ်ခင်မို့မို့(ခ)ဒေါ်မိုးမိုး ၈/ပခက(နိုင်)၀၃၁၉၀၉ မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ မန်ဆန် ကျေးရွာနေ မောင်ရဲထက်ကျော်၏ ဖခင် ဦးကျော်စွာဦး(ခ)ဦးကျော်ဦး ၁၃/သပန (နိုင်)၀၄၃၇၆၃ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ (၆၀၀) ဆီလီလမ်း၊ အမှတ်(၃)ရပ်ကွက်နေ မောင်လာမြာဖူး၏ ဖခင် ဦးလာမြာလေး (ခ)ဦးလေမေလေး ၁/ဝမန(နိုင်)၀၇၀၀၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့် သန့်ရှင်းမှုဌာနမှ ၂၀၂၁-၂၀၂၂ခုနှစ် (၆လ) မီနီဘတ်ဂျက်အတွင်း အောက်ဖော်ပြပါပစ္စည်းနှင့် လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ခေါ်ယူ၍ ဝယ်ယူ/ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ ဝယ်ယူ/ဆောင်ရွက်မည့် ပစ္စည်းနှင့် လုပ်ငန်းများအမည်
- (၁) Water Well Casing & Screens
- (၂) Variable Frequency Device(VFD)
- (၃) Aluminium Chlorohydrate(ACH)
- (၄) Sodium Chloride(ဆားကြမ်း)
- (၅) Spectrophoto Meter ဝယ်ယူခြင်း
- (၆) Solar တပ်ဆင်ခြင်းလုပ်ငန်း
- (၇) စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၄ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၀၂၂ခုနှစ် ဇန်နဝါရီ ၆ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့် သန့်ရှင်းမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - အမှတ်စဉ်(၁၊ ၂၊ ၆) ၁၀၀၀၀/-နှုန်း တစ်စောင်လျှင်
အမှတ်စဉ်(၃၊ ၇) ၅၀၀၀/-နှုန်း တစ်စောင်လျှင်
အမှတ်စဉ်(၄၊ ၅) ၂၀၀၀/-နှုန်း တစ်စောင်လျှင်

တင်ဒါပုံစံများအား ၁၄-၁၂-၂၀၂၁ရက်မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့ လာရောက်၍သော် လည်းကောင်း၊ online မှသော်လည်းကောင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဌာနခွဲမှူး၊ ရေနှင့် သန့်ရှင်းမှုဌာန (ဖုန်း-၀၉-၂၂၁၅၆၇၅၊ e-mail: mcdc.wsdprocurement@gmail.com)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေနှင့် သန့်ရှင်းမှုဌာန**

## ကိုစိုးအောင်(ခ)ခြောက်ကောင် ၈/ခမန(ဧည့်)၀၀၀၀၆၂ နှင့် အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၉)၊ ဈေးရပ်နေ ကျွန်ုပ်မိတ်ဆွေ ဦးမြင့်စိန်နှင့် ဇနီး ဒေါ်ဝေဝေမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း ကိုစိုးအောင်(ခ)ခြောက်ကောင်နှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ချောက်မြို့၊ အမှတ်(၉)ဈေးရပ်နေ ဦးမြင့်စိန်(ဘ)ဦးအောင်လွင် ၈/ခမန (ဧည့်) ၀၀၀၀၁၈ နှင့် ဇနီး ဒေါ်ဝေဝေမြင့်(ဘ)ဦးကိန်း ၈/ခမန(ဧည့်)၀၀၀၀၁၇ တို့၏သား ကိုစိုးအောင်(ခ)ခြောက်ကောင် ၈/ခမန(ဧည့်)၀၀၀၀၆၂သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ဖခင်တို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ကာ သွာနုတ္တ သားသမီးတစ်ဦးကဲ့သို့ မိဘများအား ရန်သူသဖွယ်ဆက်ဆံပြီး ထင်ရာစိုင်းနေပါသဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကိုစိုးအောင်(ခ)ခြောက်ကောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမြင့်စိန်-ဒေါ်ဝေဝေမြင့်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ငြိမ်းဌေး(LL.B)** / **ဦးပြုံးချို(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
စဉ်-၈၀၀၈/၂၀၁၃ / စဉ်-၇၀၆၉/၂၀၀၂
ဓမ္မာရုံအနီး၊ ရွှေတွင်းကုန်းရပ် / အမှတ်(၂၀၀ က)
အမှတ်(၁၂)ရပ်ကွက်၊ / ဗန္ဓုလလမ်း၊
ချောက်မြို့ / အမှတ်(၁၁)ရပ်ကွက်၊
ဖုန်း-၀၉-၄၀၁၅၆၅၉၀၇ / ချောက်မြို့၊
ဖုန်း-၀၉-၂၃၀၅၃၉၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်မှ မြေရေယာ ၀ ဒသမ ၁၁၀ဧကေရှိ ဦးသန့်ဇင် ၁၂/ကမရ (နိုင်) ၀၀၇၁၅၄ (ဘ) ဦးမောင်မောင်ကြီး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၃၂၈၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၀၄/၂၀၁၇(၅-၅-၂၀၁၇)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလင်းမင်းဟိန်း ၁၂/ဒဂမ(နိုင်) ၀၁၅၉၆၀ (ဘ) ဦးအေးဝင်းမှ ဒေါ်နန္ဒာထွန်း ၁၃/မဆန(နိုင်)၀၂၃၂၉၂နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်သန်း ၁၂/သဃက (နိုင်)၁၁၀၇၅၀ (ဘ) ဦးထွေးကျော် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၂၃၅၆)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ သားသမီးဖြစ်သူ ဦးမိုးမြတ်သန်း ၁၂/သဃက(နိုင်) ၀၀၃၄၃၈၊ ဒေါ်ဇာဇာသန်း ၁၂/သဃက(နိုင်)၀၄၂၀၃၄ (ဘ) ဦးသန်းမောင်မှ မှတ်ပုံတင်အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စောမျိုးမင်း ၁၀/သထန(နိုင်)၁၃၄၃၇၇ သည် SID ကတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၄၈၀၆၇၉၃၇

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇာနည်ထွန်း ၉/ပဥလ(နိုင်)၀၂၇၆၄၅ ၏ နိုင်ငံကူးလက်မှတ်(ME-776353)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၄၇၃၃၁၁၁၃

## ပတ်စ်ပို့ပျောက်

ကျွန်မ မမြင့်မြင့်ဇော် ၈/မသန(နိုင်) ၀၈၅၂၀၀ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးလင်း ၈/မလန (နိုင်)၁၁၇၂၉၀ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်နေလင်းနိုင် ၈/မဘန (နိုင်)၁၂၅၃၃၇ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ ပင်ခွန်ကျေးရွာနေ မောင်ခွန်နိုင်ဦး၏ ဖခင် ဦးခွန်ချစ်(ခ) ဦးချစ် ၁၃/ပလန (နိုင်) ၀၄၅၅၇၇ မှာ တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ ပင်ကာလရွာနေ မောင်ခွန်ဝင်းမြင့်၏ ဖခင် ဦးအုန်းတင်(ခ)ဦးအုံးတင် ၁၃/ပလန(နိုင်)၁၃၀၂၁၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကုတို့ဆိပ်အုပ်စု၊ သာယာစုကျေးရွာနေ မောင်ဇော်ပိုင်ဦး၏ဖခင် ဦးတင်ဝင်း(ခ) ဦးမောင်ကြီး ၉/ပမန (နိုင်)၁၂၇၅၉၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ ဂရုဏာ(၃)လမ်းနေ မောင်ထက်လင်းကျော်၏ မိခင် ဒေါ်စံဌေး(ခ)ဒေါ်သြဌေး ၁၄/ကခန (နိုင်) ၀၁၇၈၈၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7239 Toyota Dyna XZU 412, L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမျိုးခိုင် ၉/တသန (နိုင်)၁၂၁၅၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9L/2464, KIA Bongo III COACH Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မစိန်ညွန့် ၁၁/ပတန (နိုင်)၀၄၃၄၇၅ မှ ကမ-၃ ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 43W/86525,Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုးကျော် ၈/မကန(နိုင်)၁၇၈၇၆၄ မှ ကမ-၃ ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ အကွက်အမည် ခုံဝင်းဒပ်၊ ဦးပိုင်အမှတ် (၆၆-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၃၇ဧက အောက်ဖော်ပြပါ အလားအလာရှိသည့်-

- (က) အရှေ့လားသော် - လမ်း
- (ခ) အနောက်လားသော် - သရဖီလမ်း
- (ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၆၆-က)
- (ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ရီရီထွေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်-

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ကန့်ကွက်ရန် ရှိ/မရှိအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း (၂)၊ ငမိုးရိပ်(၇)လမ်း၊ အမှတ်(၂၉၀)၊ (၃)ထပ်ခွဲတိုက်၏ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂' ၁/၂x ၅၀')ပေရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဟေမာစောလွင် ၇/ရတန(နိုင်)၀၇၉၃၃၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဥ္ဇာအောင် ၁၂/ဒဂတ(နိုင်)၀၃၁၄၁၆သည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၉/၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၄၈၂၂၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၂)၊ မြေကွက်အမှတ် (၆၅၄)၊ အကျယ်အဝန်း ပေ ၄၀x ပေ ၆၀၊ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန္ဒာလင်း ၁၄/ကကန(နိုင်)၁၀၅၂၂၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက်၊ ရတနာလမ်းသွယ်၊ အမှတ်(၇၆)နေ ဦးကျော်မင်းဦး ၁၂/ဥကမ(နိုင်)၁၆၂၇၇၈၏ သား မောင်ဇေယျာမင်း ၁၂/ဥကမ(နိုင်)၂၅၈၈၉၄သည် မိဘများ၏ ပြောဆိုဆုံးမမှုကို လက်မခံသောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့် ကိစ္စကိုမဆို လုံး၀(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်မင်းဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၅၂၁၉၇ ထရော်လာဂျီ F/J(4x2) Dump Body ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၈/စလန(နိုင်)၀၈၀၈၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ ယာဉ်ပြင်အလုပ်ရုံဆိုင်ခန်းအမှတ်(ယ-၁၁)ဆိုင်ခန်းအား အမှတ်(၃၄၅)၊ ရွာသစ်ပိုင်း၊ တပ်ကြီးကုန်း၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးလှမြင့် ၁၂/မရက(နိုင်) ၀၆၉၄၉၂ က အခွန်ထမ်းအမည်ပေါက်ပါသည်။

၂။ အဆိုပါ(ယ-၁၁)ဆိုင်ခန်းအား အမှတ်(၁၃)၊ အောင်တော်မူလမ်း၊ မြေမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးကျော်ထင် ၁၂/စခန(နိုင်)၀၄၇၁၂၄ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း "ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း"နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်)ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**အခွန်ဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့တွင် ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ Consumable For Speciality ခတ်ခွဲခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Basic Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၂၁ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁-၂၀၂၂ရက်(သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၂၈၄၇၆၁၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူမှုရက်တိုးမြှင့်သတ်မှတ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ဝါကြိတ်စက်ရုံ(၈)ရုံတွင် ဝါများကြိတ်ခွဲထုတ်လုပ်ရန်အတွက် လိုအပ်သော ပြည်တွင်းချည်မျှင်ရှည်ဝါ(A)အဆင့် ၉၉၂၅၂၀ ပိဿာနှင့် ပြည်တွင်းချည်မျှင်ရှည်ဝါ(C)အဆင့် ၃၃၇၄၈၀ ပိဿာတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် တင်ဒါပိတ်ရက်အား ၉-၁၂-၂၀၂၁ ရက် (ကြာသပတေးနေ့)အစား ၂၃-၁၂-၂၀၂၁ ရက် (ကြာသပတေးနေ့)သို့ တိုးမြှင့်သတ်မှတ် ဖိတ်ခေါ်အပ်ပါသည်-

- တင်ဒါအမှတ် - ၀၁/ဝါကုန်ကြမ်း/၂၀၂၁-၂၀၂၂
- တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁၁-၂၀၂၁ ရက်(ဗုဒ္ဓဟူးနေ့)
- တင်ဒါပိတ်ရက် - ၂၃-၁၂-၂၀၂၁ ရက်(ကြာသပတေးနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-
ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ကျိုင်းတုံခရိုင်တရားရုံးတော်၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၆

ဒေါ်အောင်မေလွင် **နှင့်** အရာခံဗိုလ်ဦးစိုးကြွယ်(ငြိမ်း)
**တရားလို** / **တရားပြိုင်**

ကျိုင်းတုံမြို့၊ အမှတ်(၃၄၁)စနခနေ အရာခံဗိုလ်ဦးစိုးကြွယ်(ငြိမ်း)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ စစ်မှုထမ်းဟောင်း၊ ရပ်ကွက်(၂)နေ ဒေါ်အောင်မေလွင်က ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက် (၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စခိုင်ကျော်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ဦးဇော်လင်းနိုင် ၁၂/တတန(နိုင်)၁၇၉၃၅၆နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အိုးဘိုအနောက်ရပ်ကွက်၊ ဗိုလ်မှူးစိန်လွင်လမ်းနေ ဒေါ်အေးနုနုခိုင် ၁၂/တတန(နိုင်)၀၅၈၉၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးဇော်လင်းနိုင် ၁၂/တတန(နိုင်)၁၇၉၃၅၆တို့သည် လွန်ခဲ့သော ၁၄နှစ်ခန့်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာရာ သားသမီး(၂)ဦးထွန်းကားခဲ့သည့်အပြင် လက်ထက်ပွားပစ္စည်းများအဖြစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း(၆)မျိုးနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း(၇)မျိုးတို့ ဖြစ်ထွန်းခဲ့ပါသည်။

အဆိုပါလက်ထက်ပွားပစ္စည်းများအား ကျွန်ုပ်တို့၏မိတ်ဆွေမသိရှိဘဲ၊ ခွင့်ပြုချက်မရရှိဘဲ ဦးဇော်လင်းနိုင် ၁၂/တတန(နိုင်)၁၇၉၃၅၆အနေဖြင့် မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊လှူဒါန်းခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း တားမြစ်အပ်ပါသည်။ အခြားသူများအနေဖြင့်လည်း ဦးဇော်လင်းနိုင် ၁၂/တတန(နိုင်)၁၇၉၃၅၆ တစ်ဦးတည်းထံမှ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းရယူခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါဘဲ ပြုလုပ်ထားမည်ဆိုပါက ပြုလုပ်ထားသူများကိုယ်တိုင် နစ်နာဆုံးရှုံးမည်ဖြစ်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထက်ဦး(LL.B)** / **ဒေါ်ဝေမိုးသူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၈၇၄)** / **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၂)**
**မင်္ဂလာဒုံမြို့နယ် ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်တရားရုံးဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိ အနောက်ရပ်၊ မြေရေယာ ၀ ဒသမ ၂၂၉ဧက၊ မြေကွက်အမှတ်(ဥ-၃၂၉၈)၏ အမည်ပေါက် ဦးစိုးဝင်း (ဘ)ဦးမုန်း ၁၁/စတန(နိုင်)၀၀၆၃၃၄ ကွယ်လွန်သွားသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်စိုးကြည် (ဘ) ဦးစိုးညွန့် ၁၁/စတန(နိုင်)၀၀၆၃၃၂မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၄၃/၂၀၂၁)မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်း လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေကွက်အမှတ်(ဥ-၃၂၉၈)ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်ခင်စိုးကြည် (ဘ) ဦးစိုးညွန့် ၁၁/စတန(နိုင်)၀၀၆၃၃၂၏ အမည်ဖြင့် မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်တွင်းရေးစွက်ဖက်မှုများနှင့် သတင်းမှားအပေါ် အခြေခံသည့် ထုတ်ပြန်ချက်များအား ကန့်ကွက်

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် (သီးသန့်) တရားရုံး၌ ၆-၁၂-၂၀၂၁ ရက်တွင် ပြစ်ဒဏ်များချမှတ်ခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ နိုင်ဂျာ အမြဲတမ်းကိုယ်စားလှယ် Mr. Abdou Abarry က မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ချက် တစ်ရပ်ကိုလည်းကောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Ms. Michelle Bachelet ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Thomas Andrews နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ Mr. Stephane Dujarric တို့က သတင်းထုတ်ပြန်ချက်များကိုလည်းကောင်း အသီးသီး ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ အခြေအနေမှန်ကို နိုင်ငံပိုင်သတင်းစာများတွင် အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းအသိပေးပြီးဖြစ်သည်။ တရားရုံးရှေ့မှောက်တွင် မည်သူမဆိုတန်းတူဖြစ်ပြီး တရားဥပဒေအထက်တွင် မည်သူမျှမရှိပါ။ ထို့အတူ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ရှိသည့် တရားရုံး၏ ဆုံးဖြတ်ချက်များအပေါ် တစ်ဖက်သတ် ဝေဖန်သုံးသပ်နေခြင်းမှာ သင့်လျော်မှုမရှိပါ။ ယင်းကဲ့သို့ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးနှင့် ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ ၅-၁၂-၂၀၂၁ ရက်တွင် ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူနှင့် ကုလသမဂ္ဂယာယီ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan တို့က အသီးသီး သတင်းထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ခူလည်ကျေးရွာရှိ မဏိဇောတိက ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

အကြမ်းဖက် အဖွဲ့များဖြစ်သော CRPH နှင့် NUG အဖွဲ့များသည် နိုင်ငံရေးအမည်ခံ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု မရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။

အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုမည့် လက်နက်၊ ခဲယမ်းများကိုလည်း နည်းမျိုးစုံဖြင့် နိုင်ငံအတွင်း ပို့ဆောင်၍ အများပြည်သူ ယုံကြည် ကိုးကွယ်ရာဖြစ်သော

*စာမျက်နှာ ၁၃ ကော်လံ ၁* ❋



စဉ့်ကူးမြို့နယ် ခူလည်ကျေးရွာရှိ မဏိဇောတိက ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိစဉ်။

## ပြည်သူလူထုထံပန်ကြားချက်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ငွေစက္ကူအသစ် ၂၀,၀၀၀/-ကျပ်တန်၊ ၅၀,၀၀၀/- ကျပ် တန်များ ထုတ်မည်ဆိုသော ကောလာဟလသတင်းများ ထွက်ပေါ်နေကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေစက္ကူတန်ဖိုး အမျိုးအစားအသစ် ထုတ်ဝေခြင်းကိစ္စ၊ ထုတ်ဝေပြီးသော ငွေစက္ကူအမျိုးအစားကို ပုံစံသစ်ဖြင့် ပြောင်းလဲထုတ်ဝေခြင်းကိစ္စရပ်များ ဆောင်ရွက်မည်ဆိုပါလျှင် ပြည်သူများကို ကြိုတင်ကြေညာ အသိပေးဆောင်ရွက်ပါကြောင်း၊ ယခု သတင်းဖြစ်ပေါ်နေသော ၂၀,၀၀၀/- ကျပ်တန်၊ ၅၀,၀၀၀/- ကျပ်တန် ငွေစက္ကူသစ်များ ထုတ်မည်ဆိုသည့် သတင်းမှာ မဟုတ်မမှန်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဘိုင်ယန်မြူးနစ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် ဘာစီလိုနာ



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်ကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး- ဂိုးမရှိဖြင့် ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ၁၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❂

ယနေ့ *သ တင်း အ ညွှန်း*

**ဆိုရှယ်မီဒီယာများပေါ်တွင်ထွက်ပေါ်နေသည့် သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**
ပြည်တွင်းသတင်း စာ - ၁၂

**မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံများ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**
ပြည်တွင်းသတင်း စာ - ၂၀